
mgyoe.com SAMPLE BOOK


# ပင်လက်ပံ ကြွေချိန်ကျပြီမို့

လင်းကျော်နီ (စကော)

(ကျေးလက်ဝတ္ထုတိုများ)




mgyoe.com



mgyoe.com SAMPLE BOOK

လာဟေ့… ဒွါး
သွားကောက်ချေစို့
ပွင့်ခြောက်ကယ် အနားလန်
ဆက်ရက်ကယ် ညံ့
ပင်လက်ပံ ကြွေချိန်ကျပြီမို့…။

ပင်လက်ပံ ကြွေချိန်ကျပြီမို့
9 782024 000853

လင်းခရောင်နီ-ပင်လက်ပံကြွေချိန်ကျ
ပြီမို့
INNWA BOOKS MICT SYM080
7500 KS
mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၈၅)

ပုံနှိပ်မှတ်တမ်း



# လင်းရောင်နီ၊စဘော၊

## ပင်လက်ပံ ကြွေချိန်ကျပြီမို့

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ

မျက်နှာဖုံးဒီဇိုင်း ♦ မှတ်သုံ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၇၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

လင်းရောင်နီ(စဘော)
ပင်လက်ပံ ကြွေချိန်ကျပြီမို့ / လင်းရောင်နီ(စဘော)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၉၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၈၅) ပင်လက်ပံ ကြွေချိန်ကျပြီမို့

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | စာရေးသူ အမှာစာနှင့် နှစ်သစ်ဆုမွန် | ၅ |
| ၁။ | ပြာသိုပွဲ | ၈ |
| ၂။ | အလွမ်းကွန်ရက် | ၂၇ |
| ၃။ | ရောင်နီဦးမှာပြုတဲ့ ဆည်းဆာ | ၃၇ |
| ၄။ | မိပန်းမွှေး | ၅၄ |
| ၅။ | ကျွန်တော် အဖေ့ကို မုန်းတယ် | ၇၁ |
| ၆။ | ပင်လက်ပံ ကြွေချိန်ကျပြီမို့ | ၈၇ |
| ၇။ | ချက်ဖောင်း | ၁၀၁ |
| ၈။ | နန်းကြိုးကျ | ၁၁၅ |
| ၉။ | မိုးတွေညို့ရင် မျက်ရည်စို့တယ် | ၁၃၁ |
| ၁၀။ | နတ်တော်ပွဲ | ၁၄၂ |
| ၁၁။ | လွင့်ပြယ်သွားသော သနပ်ခါးရနံ့ | ၁၅၀ |
| ၁၂။ | သံပျင်အလွမ်း | ၁၆၈ |
| ၁၃။ | အစွဲနာ | ၁၈၁ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ အမှာစာနှင့် နှစ်သစ်ဆုမွန်

*"နွေမိန်တပေါင်းxxx နေရှိန်လောင်းxxx ရွက်ဟောင်းကြွေကျ မြေခခဲ့ပြီ ကွယ်xxx လေရှူးသုန်သုန် မြူမှုန်လွင့်ပါးxxx ကစားပြန်ပြူး ရာသီဦးဝယ်xxx ကြည်နူးစရာ တို့ရွာများမယ်xxx ကြီးမားပင်စည် ပွင့်နီလက်ပံxxx ဝဲပျံမြေပေါ် လျောင်းစက်ပျော်တယ်"*

ဒီသီချင်းလေးက လူကြီးလူငယ်တို့ ပါးစပ်ဖျားမှာ ယနေ့ထိတိုင် စွဲထင်နေဆဲ သီချင်းလေးပါ။ သည်သီချင်းလေးထဲမှာပဲ နွေရာသီရဲ့ သရုပ်သကန်တွေကို မြင်ရမယ်၊ တိမ်ဦးတွေဝေ မြူခြေတွေဆိုင်း တံလျှပ်တံတိုင်း ကာဆီးထားတဲ့ နွေနိမိတ်ပုံတွေကို ရှုစားရမယ်၊ တုတ်ခိုင်ကြီးမားလှတဲ့ ပင်စည်ကြီးတွေထက်က ရိုးတံပြိုင်းပြိုင်းရဲ့ အခက်အလက်တွေမှာ လျှံထွေးစီရီ လက်ပံနီတွေကို တွေ့ရလိမ့်မယ်၊ လက်ပံကြွေကောက်နေကြတဲ့ ကျေးလက်လုံမပျိုလေးတွေရဲ့ သဘာဝအလှကိုလည်း ခံစားကြရမှာပါ။ အညာဝလေ့ကို ချစ်တတ်လေ၊ ကျေးလက်စရိုက်ကို မြတ်နိုးလေ၊ တောသဘာဝကို တန်ဖိုးထားတတ်လေ သည်သီချင်းလေးရဲ့ အနှစ်သာရကို ခံစားရလေဖြစ်မယ်ထင်ပါရဲ့။

ကျွန်တော်ကတော့ နွေပန်းတွေဖြစ်ကြတဲ့ နီထွေးထိန်လျှံ ပွင့်လက်ပံတွေ၊ ကိုက်ဖူးညွန့်စီ အင်ကြင်းနီတွေ၊ နီဝါတောက်လျှမ်း ပေါက်လဲပန်းတွေ၊ ပွင့်ဖူးဝေစည် ပန်းရွှေဖိတွေနဲ့ ဖြူဖွေးကြိုင်လှော် ပန်းကံ့ကော်တွေကို မဆိုထားနဲ့။ နွေဦးလေး

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ပေါက်ပြီ၊ လေရူးလေးလည်း နှောက်ပြီ၊ ထန်းဖူးနုံလေးလည်း ကြိုင်ပြီ၊ တမာနုံလေးလည်း လှိုင်ပြီဆိုရင်ကို ဘယ်ဆီမှန်းလို့ လွမ်းရမယ်မသိတော့။ အညာကို ချစ်သူမို့ ထင်ပါရဲ့။ အညာကို စွဲသူမို့ မှတ်ပါရဲ့။ အညာ့နိမိတ် အညာ့အငွေ့အသက်လေး ရလိုက်ရင်ကိုပဲ အမျိုးအမည် မဖော်နိုင်လေသော ဝေဒနာလေးတစ်ရပ်က ကပ်ငြိလျက်သား။

လက်ပံနီလေးတွေများ မြင်ရပြီဆိုရင်တော့ ဆိုဖွယ်မရှိတော့ပြီ။ လက်ပံဟာ အညာ့သရုပ်၊ အညာ့ပုံရိပ်၊ အညာ့နိမိတ်၊ အညာ့မင်းသမီးလို့ ဆိုရင်တောင် လွန်မယ် မဟုတ်ပါဘူး။ အဲသလောက်ထိ အညာနဲ့ ပနံရတဲ့ပန်းပါ။ လက်ပံဟာ မြန်မာပြည် တစ်နံတစ်လျား အထက်အရပ် အောက်အရပ် နှံ့စပ်အောင် ပွင့်ကြပါရဲ့။ သို့ပေသိ အညာမှာပွင့်တဲ့ လက်ပံကမှ ပိုလှသလို ခံစားရတာကလား။ လက်ပံနီတျာတျာဟာ ပင်လယ်ပြင်တွေ ရေလှိုင်းတွေ တောင်တန်းတွေထက် ထန်းတောကြီးတွေ၊ ဖုန်လုံးကြီးတွေ၊ နွားလှည်းကြီးတွေနဲ့မှ ပိုပြီး သဟဇာတဖြစ်တာကလား။ အညာဟော့ဆိုရင် လက်ပံနဲ့ တွဲမြင်မိလောက်အောင် လိုက်ဖက်ညီကြတဲ့ သက်မဲ့အလှတရားများပါပေ။

အညာကို ချစ်ပါရဲ့။ လက်ပံကို မြတ်နိုးပါရဲ့၊ ဒါကြောင့်လည်း သည်စာအုပ်ကလေးအတွက် "ပင်လက်ပံ ကြွေချိန်ကျပြီမို့" ဆိုတဲ့ ခေါင်းစီးကလေးကို ရွေးချယ်ဖြစ်ခဲ့တာပါ။ စာအုပ်ကလေးထဲက ဝတ္ထုတိုလေးတွေကတော့ အကြောင်းအရာ စုံပါတယ်။ ရှေ့ကထွက်ခဲ့တဲ့ ဝတ္ထုတိုပေါင်းချုပ်လေး နှစ်အုပ်ထဲကလို အညာဓလေ့ စရိုက်နဲ့ အညာသူ အညာသားကြီးတွေရဲ့ စရိုက်သဘာဝတွေကို ခြယ်မှုန်းပြတဲ့ ဝတ္ထုတိုတွေချည်းတော့ မဟုတ်ပါဘူး။ ဆရာနဲ့ တပည့်၊ မိဘနဲ့ သားသမီး၊ နှမနဲ့ မောင်၊ ရပ်ဓလေ့ ရွာ့ထုံးစံ စတဲ့ အကြောင်းအရာ အစုံစုံသော ဇာတ်လမ်းဇာတ်အိမ် လေးတွေကို ဖတ်ရှုရမှာဖြစ်ပါတယ်။ သို့ပေသိ ကျေးလက်အငွေ့အသက်လေးတွေနဲ့ လည်း သွေဖည်မသွားပါ။ အညာဓလေ့စင်စစ် မဟုတ်သည့်တိုင် ကျေးလက်သဘာဝ၊ ကျေးလက်ပသာဒတို့ကိုကား ထိတွေ့ခံစားရမည်သာ။

သို့ရကား သည်စာအုပ်လေးထဲက ဝတ္ထုတိုလေးတွေ အများစုကတော့ ကျွန်တော် ကျင်လည်ထိတွေ့ခဲ့ရတဲ့ ပတ်ဝန်းကျင်က အဖြစ်လေးတွေကို အခြေခံပြီး ရေးဖွဲ့ထားတာချည်းပါပဲ။ ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာကြိုးလေးတွေနဲ့ ယှက်ဖွဲ့ရက်သီထားတဲ့ မေတ္တာချည်ပဝါပါး ဝတ္ထုတိုလေးများသာ ဖြစ်ပါတယ်။ သည်ဝတ္ထုလေးတွေကို ဖတ်ရှုပြီးတဲ့နောက်မှာ မေတ္တာတရားတွေကို ပိုပြီးခံစားမိလာနိုင်သလို၊ မေတ္တာတွေဟာ ရှုထောင့်မျိုးစုံက လာကြတယ်ဆိုတာကိုလည်း ပိုပြီး

mgyoe.com

mgyoe.com SAMPLE BOOK

သတိထားမိလာမယ် ထင်ပါတယ်။ ကျွန်တော်တို့ မေ့လျော့နေခဲ့တဲ့ အမေ့ခံလေးတွေ၊ ကျွန်တော်တို့ ကြဉ်ဖယ်ထားတဲ့ အပယ်ခံကလေးတွေမှာလည်း မေတ္တာတရားတွေ ကိန်းဝပ်ခိုတွယ်နေပါလားဆိုတဲ့ ခံစားချက်ကလေးတွေလည်း ရရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။

သည်ဝတ္ထုတိုစု စာအုပ်လေးကို ဖတ်ပြီးတာနဲ့ မေတ္တာစောင်လေး ခြုံလိုက်သလို၊ မေတ္တာပဝါပါး လွှားလိုက်သလို မေတ္တာကြောင့် နွေးရ၊ မေတ္တာကြောင့် အေးမြတယ်ဆိုတဲ့ တဒင်္ဂပဟာန် ခံစားချက်လေး ရလိုက်တယ်ဆိုရင်ပဲ ကျေနပ်နေမိမှာပါ။ ကိုယ်ချင်းစာတရားတွေ တစ်စတစ်စ ခေါင်းပါးလာတဲ့ ခေတ်ရဲ့ရောဂါ၊ အတ္တအခိုးအငွေ့တွေနဲ့ ပြည့်နှက်လျှံကျလာတဲ့ ခေတ်ရဲ့ဝေဒနာတွေကို မေတ္တာတည်းဟူသော ဆေးနဲ့သာ ကုစားပယ်သတ်နိုင်မှာ မဟုတ်လား။

သည့်အတွက်ကြောင့် ကျွန်တော့်ဝတ္ထုတိုစုလေးဟာ လောဘ၊ ဒေါသ၊ မောဟကို ပယ်ဖြတ်သုတ်သင်နိုင်သည့် ဓမ္မဆေး မဟုတ်သည့်တိုင် စာနာမှု၊ ဖေးမမှု၊ ကြင်နာမှုတို့ကို ဆပွားစေမယ့် မေတ္တာဆေးတစ်ဖုံ ဖြစ်ပါစေတော့လို့ ဆန္ဒမွန် ပြုရင်း. . .

*"ရက်မြတ်ရက်ထူး၊ နှစ်သစ်ကူးဝယ်*
*ရွှင်မြူးဘဝင်၊ စိတ်ကြည်လင်၍*
*ပျော်ရွှင်ချမ်းမြ၊ ဘေးမခဘဲ*
*ပုညကောင်းမှု၊ အစုစုကို*
*ပေးပြုဆောင်သုံး၊ သူတော်ထုံးဖြင့်*
*ရွှင်ပြုံး မွေ့လျော်နိုင်ပါစေ" လို့*

*နှစ်သစ်ဆုမွန် ခြွေသီလိုက်ပါတယ် ခင်ဗျာ။*

လင်းရောင်နီ(စဘေ)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ပြာသိုပွဲ

"ကနေ့ အာနန္ဒာဘုရား သပိတ်လုံးနေ့ပေါ့အေ။ ဒီတစ်နှစ်တော့ လွတ်ရပြီပေါ့ဟဲ့။ ဒီလိုနှစ်မျိုး ကြုံရလိမ့်မယ်လို့ ယောင်လို့တောင် တွေးဖူးပေါင်။ ဖျက်လိုက်တဲ့ ကိုဗစ်နှယ်။ အစဉ်အလာတွေကို ပျက်ရပါပကော"

ဆောင်းညချမ်း မီးဖိုလေးဘေးမှာထိုင်ကာ မီးလှုံရင်း အမေကြီး စာဖြူက မချိတင်ကဲ ရေရွတ်ရှာတယ်။ ငယ်စဉ်ကလေးဘဝကတည်းက နှစ်ဌာန်းမပျက်အောင် တစ်နှစ်တစ်ခေါက် မှန်မှန်သွားခဲ့တဲ့ ပွဲတော်ပေမို့ ဒီတစ်နှစ်မှ ကိုဗစ်ဖျက်လို့ ပွဲပျက်ရခြင်းအပေါ် အမေကြီး စိတ်မကောင်းဖြစ်သည် ထင်ပါရဲ့။ စဘောရွာလေးက ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိပြီး ပုဂံဒေသနဲ့ မြစ်ပဲ ခြားသည်လေ။ စဘောနဲ့ ပုဂံ ဘယ်နှလံ ဝေးလိမ့်မတုံး။ "ဧရာဝတီမြစ် ခြားနေလို့သာပေါ့အေ။ တကယ်တမ်းကျ မြစ်ခြေနဲ့ ပုဂံဆိုတာ တစ်ခေါ် စာပဲရှိတဲ့ခရီးတိုပါအေ့" လို့ ရှေးလူကြီးတွေက အမြဲ ဆိုနေကျ။ ဟုတ်လည်း ဟုတ်ပါတယ်။ မြစ်ခြေဘက်ကမ်းကနေ ပုဂံကို လှမ်းမျှော်ရင် မြင်ကွင်းတွေက အထင်းသား မြင်ရသလို၊ ပုဂံဘက်ကနေ မြစ်ခြေဘက်ကို လှမ်းရှုပြန်တော့ မှိုင်းညို့စိုပြည်နေတဲ့ ကျွန်းစုရွာလေးတွေက ကွက်ကွက်ကွင်းကွင်းရယ်။ ဒီလိုဆိုတော့လည်း မဝေးလှတဲ့ခရီးမို့ မြစ်ခြေနဲ့ ပုဂံဟာ အပြန်ပြန် အလှန်လှန် ရေတွင်းနဲ့ ရေမှုတ်လိုပါပဲ။

"ဟုတ်ပါရဲ့ မယ်စာဖြူရယ်။ ကျုပ်တို့လည်း ခဲလေသမျှ သဲရေကျရချေရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဝယ်လိုက်မဟဲ့၊ ခြမ်းလိုက်မဟဲ့လို့ အားခဲထားသမျှ သဲထဲရေသွန်သလိုပါပဲတော်"

အမေပန်းကပါ စကားထောက်ပြန်တယ်။ ဆောင်းညချမ်းရဲ့ မီးဖိုလေးက တော့ တဖျစ်ဖျစ်နဲ့ ကျွမ်းလောင်နေရှာလို့ပေါ့။ မီးဖိုဘေးမှာထိုင်ကာ မီးလှုံနေကြ သူတွေက နီးရာ ပြောင်းနှံဖတ်ကလေးတွေကို ကောက်ကာယူကာ မီးဖိုထဲ ပစ်ထည့် ကြတယ်။ အဆံမကုန်တဲ့ ပြောင်းနှံဖတ်ကလေးတွေများကျ မီးထဲမှာ ဖျောက်ခနဲ၊ ဖောက်ခနဲ လောင်ကျွမ်းပြီး ပေါက်ပေါက်ပွင့်ကလေးတွေက မီးဖိုဘေး ခုန်ထွက်လာ ကြတယ်။ ပေါက်ပေါက်ပွင့်လေးတွေဆိုတာ မီးဖိုနံဘေးမှာ ဖွေးဖွေးလှုပ်လို့။ ဒီပေါက် ပေါက်ပွင့်လေးတွေကို မိချောတို့၊ မြပုံတို့ ကလေးတွေက ကောက်ကာငင်ကာယူပြီး ပါးစပ်ထဲကို ပက်ကာပစ်ကာ ဝါးစားတတ်ကြတယ်။ ကလေးဆိုပေသိ မိချောတို့ အရွယ်က အပျော်ဖော်ဝင် မြီးကောင်ပေါက်ခဲ့ရပါပြီ။ "မိန်းကလေးတို့၊ ပြာတွေ ခါစားအေ့၊ ချောင်းဆိုးတတ်သအေ့" ဆိုပြီး လူကြီးသူမတွေက သတိပေးတတ်ကြ တယ်။ မိချော တို့ကတော့ မမှုပေါင်။ စားမြဲ ဝါးမြဲပါပဲ။ မီးဖိုဘေးထိုင်ကာ ပေါက် ပေါက်ပွင့်လေးတွေကို ကောက်ဝါးရင်း လူကြီးတွေပြောသမျှ နားထောင်ရတာကိုက မိချောတို့အတွက်တော့ အညာဆောင်းရဲ့ အရသာ။

အမေပန်းနဲ့ အမေကြီးစာဖြူတို့ကတော့ တစ်ချိန်က အာနန္ဒာဘုရားပွဲကို သွားပြီး ဝယ်ခဲ့ခြမ်းခဲ့၊ ပျော်ခဲ့ပါးခဲ့တာတွေကို စားမြုံ့ပြန်လို့ပင်မဆုံးတော့။ "တို့များ အရွယ်ကောင်းစဉ်ကဖြင့်အေ " လို့ အစချီပြီးတာနဲ့ ပြောလိုက်ကြတဲ့ စကားတွေက အတောမသတ်နိုင်တော့ပြီ။ လူကြီးတွေကပြောလေ မိချောတို့က သဘောကျလေပေါ့။ ရှေးဟောင်းနှောင်းဖြစ်တွေများ မိချောတို့က နားထောင်ချင်လိုက်သမှ။ အထူးသဖြင့် ပုဂံဘုရားတွေအကြောင်း၊ ပွဲတော်တွေအကြောင်းဆိုရင်တော့ မိချောတို့က ပိုလို့ပင် သဘောတကျ နားထောင်ရပါတယ်။

ပုဂံဒေသအနီးတစ်ခိုက အညာသူ အညာသားကြီးတွေ မှန်ရင် အာနန္ဒာ ဘုရားပွဲကို နှစ်စဉ် န္တဲတတ်ကြသူချည်း။ အလုပ်မအားလို့၊ အိမ်စောင့်မယ့်သူ မရှိလို့ ရယ်ဖြင့် ပွဲတက် အပျက်မခံကြပါဘူး။ ရှိတဲ့အလုပ် နောက်နေ့မှ ပေါင်းလုပ်လိုက်မဟဲ့ ဆိုတဲ့စိတ်နဲ့ အိမ်တံခါးပိတ်ပြီး မိသားစုလိုက် သွားတတ်ကြတာရယ်။

"ငါဖြင့် သေမှာကိုတော့ မကြောက်ပေါင်။ အာနန္ဒာဘုရားပွဲကို မန္တဲလိုက်ရ မှာပဲ ကြောက်လှုသအေ့ " ဆိုတာ အရပ်သုံး ဓလေ့သုံးစကားလိုပင် ဖြစ်လို့နေပေ့။ လူကြီးသူမတွေမှ မဟုတ်၊ မိချောတို့လို ကလေးတွေ ရင်ထဲမှာတောင် အာနန္ဒာဘုရား ပွဲရယ်လို့ ကိန်းခို အမြစ်တွယ်နေခဲ့ကြတာပါလေ။ ပြာသိုလဆန်းပြီ ဆိုတာနဲ့ ပွဲတော်

mgyoe.com

mgyoe.com SAMPLE BOOK

ရက်ကို လက်ချိုးလို့ တွက်ခဲ့ကြရတာပါကော။ မိချော လူမှန်းသိတတ်ကာစကတည်းက အဖေတို့ အမေတို့နဲ့ အာနန္ဒာဘုရားပွဲကို နှစ်စဉ် လိုက်ပါဆင်နွှဲခဲ့ရတာကိုး။ ပုဂံကို သွားမဟဲ့ဆိုရင် မိချောရင်ထဲ အတိုင်းမသိ ပျော်ရွှင်ရတယ်။ အဲသလောက်ထိအောင် မိချောရင်ထဲကို လွှမ်းမိုးသိမ်းပိုက်ထားတဲ့ ပုဂံပါလေ။ မိချော ပုဂံကို ချစ်တယ်။ ပုဂံမြေကို မြတ်နိုးတယ်။ ဒီလို ဒေသချစ်စိတ်နဲ့ ပုဂံမြေကို နှစ်သက်မြတ်နိုးတဲ့ အစွဲလေးက ဘယ်သူကမှ ပြုစု ပျိုးထောင်ပေးလိုက်တာ မဟုတ်ပါဘဲနှင့် အလိုအလျောက် ကိန်းဝပ်သန္ဓေတည်လာတဲ့ မွေးရာပါ ဗီဇလေးလို့ဆိုလျှင် လွန်လေမည်လား။ ဒါတော့ ဒေသခံတွေဖြစ်မှ ပိုလို့ ခံစားနားလည်နိုင်မည်လေ။ မည်သို့ပင်ဆိုစေကာမူ မိချောကတော့ ပုဂံကို ချစ်လှချေရဲ့။

❑

"မိချော၊ မိန်းကလေး ထတော့အေ့၊ ထော်လာဂျီက ထွက်တော့မယ်၊ နောက်ကျကာမှ မမီလိုက်ဘဲ နေချေရဲ့"

အမေကြီးစာဖြူ တစ်ချက်နိုးလိုက်တာနဲ့ အိပ်ရာထဲကနေ လူးကာလိမ့်ကာ မိချော ထရပြီ။ ပုံမှန်အားဖြင့် အအိပ်မက် အနိုးခက်လှတဲ့ မိချောအဖို့ ဒီလိုပြာသိုလပြည့်နေ့မှာတော့ တစ်ခွန်းနှိုးတာနဲ့ ဆတ်ခနဲနိုးနေတတ်တာ အကျင့်ဖြစ်လို့ပင်နေပြီ။ မနိုးလို့လည်း ဘယ်ဖြစ်ပါ့မတုံးလေ။ နှစ်စဉ် ပြာသိုလပြည့်နေ့ဆိုတာ ပုဂံဒေသရဲ့ အာနန္ဒာဘုရားပွဲတော် မဟုတ်လား။ ဒီရက်ဆို မိချောတို့ ရွာကလေးက လူကြီးလူငယ်မကျန် ပွဲတော်ဈေးလိုက်နေကျ။ တချို့က ထော်လာဂျီနဲ့ လိုက်ကြသလို တချို့ကျပြန်တော့ ပေါင်းမိုးလှည်းတွေနဲ့ မြစ်ဆိပ်အထိ ခရီးနှင်တတ်ကြတယ်။ မြစ်ဆိပ်ရောက်ကာမှ ဆိပ်ကမ်းရွာကလေးမှာ လှည်းအပ်၊ နွားအပ်ပြီး သမ္ဗာန်နဲ့ တစ်သွယ်၊ စက်လှေနဲ့တစ်မျိုး၊ ဇက်စီးလို့တစ်ဖုံ ပုဂံဘက်ကမ်းကို ကူးကြပြန်တာရယ်။

ပြာသိုလပြည့်ဆိုလျှင် အညာဆောင်းက ပိုလို့ပင် အချမ်းကဲလှတယ်။ သို့သော်လည်း ချမ်းလှချေရဲ့၊ အေးလှချေရဲ့လို့ ပွဲတော်ကိုမလိုက်ဘဲ မနေနိုင်ကြပါဘူး။ "တစ်နှစ်မှ တစ်ခါနွှဲရတဲ့ပွဲများ ချမ်းချင်သလောက် ချမ်းစမ်းပေ့စေ" လို့ အားခဲကြတာ။ မနက်သုံးနာရီခွဲလောက်ဆိုရင် မိချောတို့ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ညံစီနေပြီ။ ရေနံဆီမီးခွက် တလက်လက်နဲ့ ချက်ဟယ် ပြုတ်ဟယ်၊ ဒူးဟယ် ခပ်ဟယ်၊ လိမ်းဟယ်ခြယ်ဟယ်နဲ့ ပြင်ကြဆင်ကြရပြီ။ ရွာခလေ့ ရွာ့ထုံးစံအတိုင်း တအော်အော် တခေါ်ခေါ်၊ တကြော်ကြော် တဟာစ်ဟာစ်နဲ့ ရောင်နီမပျို့ခင်ကပင် ရွာကလေးက အသက်ဝင်နေပြီ။ မိချောလည်း အိပ်ရာထက်ကထကာ မျက်နှာကို အဆောတလျှင်

mgyoe.com

mgyoe.com SAMPLE BOOK

သစ်ရတာပေါ့။ စိမ့်လိုက်တဲ့ရေ၊ အေးလိုက်တဲ့ဆောင်း။ ပြီးတာနဲ့ မှုံနံ့သာ ခြယ်ကာ သရပြန်တယ်။ လေးနာရီလောက်ကျတော့ ရွာထဲက ထော်လာဂျီကြီးက စက်သံပေးနေပြီ။ လာခဲ့ကြတော့၊ လှမ်းခဲ့ကြတော့ရယ်လို့ စက်သံနဲ့ ဖျိုးဟစ်ခြင်းပင်။ စက်သံ ကြားတာနဲ့ ပွဲတော်လိုက်မယ့်သူတွေလည်း ရုတ်ရုတ်သဲသဲ ပြေးကြရပြီ။ "ထော်လာဂျီ မမီလိုက်မှဖြင့် ပွဲတော်တစ်နှစ် လွတ်ရချေရဲ့လို့" အပြေးပြေး အလွှားလွှား။ "အမေကြီးက အမြန်လာစမ်းပါ။ ထော်လာဂျီ မမီလိုက်ရင် ပွဲတော်မလိုက်ရဘဲ နေလိမ့်မယ်" မိချောက အမေကြီးကို လောဆော်တတ်သေးတာ။ အဖေတို့၊ အမေတို့က ရှေ့ကသွားနှင့်ကြပေါ့။ မိချောကသာ အမေကြီးကိုစောင့်ရင်း နောက်ကျကျန်နေခဲ့ရတာ။

"ကမြင်းမလေးနှယ်အေ။ အေးရတဲ့အထဲ လောဆော်ရန်ကောဟဲ့။ ညည်းတို့ ငယ်ရွယ်သူတွေလိုတော့ ဘယ်ဖျတ်လတ်မတုံးအေ့။ စိတ်သာချ။ ငစိန့် ထော်လာဂျီ စာဖြူ မပါရင် ထွက်ကိုမထွက်ဘူး"

အမေကြီးက ဤသို့ပြောပေမယ့်လည်း မိချောကဖြင့် ကလေးပီပီ ရင်မောရတာပါပဲ။ ထော်လာဂျီပေါ် နေရာကောင်းမရမှ ခက်ရချေရဲ့။ ထော်လာဂျီဆီရောက်တော့ လူစုံနေကြပြီ။ ဘွားစာဖြူနဲ့ မိချောတို့လည်း အပေါ်ရောက်တာနဲ့ ထော်လာဂျီကြီးက တဒုန်းဒုန်းနဲ့ ထွက်ချေပြီ။ မိချောတို့လို ကလေးတွေနဲ့ အမျိုးသမီးတွေကတော့ ရှေ့ပိုင်းမှာထိုင်ကြပြီး အဖေတို့ ယောက်ျားကြီးတွေကတော့ နောက်ပိုင်းမှာ သံကိုင်းကြီးကို ဆွဲကာခိုကာ မိုးတိုးမတ်တပ် လိုက်ကြရတာရယ်။ အမှောင်ထုမကွဲသေးတဲ့ ဆောင်းမနက်ခင်းအောက်မှာ တရွေ့ရွေ့နဲ့ ခရီးနှင်နေကြရတယ်။

"ငစိန့်ထော်လာဂျီမှား စီးချင်ပေါင်အေ။ စိတ်ပေါက်မှ လိပ်လောက်ပြေးတာအေ့။ သင်း ထော်လာဂျီလောက်တော့ ငါ့အိမ်က နွားနှစ်ကောင်လည်း ရှုန်းတာပါပဲ"

ဒါက အမေပန်းရဲ့ ဆိုနေကျ လက်သုံးစကား။ အမေပန်းက အပြောနဲ့ ညီတယ်။ ဘကြီးစိန် ထော်လာဂျီကို ဘယ်တော့မှ မစီးဘူး။ ပေါင်းမိုးလှည်းနဲ့သာ သွားလေ့ရှိတယ်။ ဒါပေမဲ့ မိချောကတော့ ထော်လာဂျီစီးရတာကမှ ဇိမ်ကျလှတယ် ထင်တာရယ်။ လှည်းတော့ စီးချင်ပေါင်။ ဖုန်တလုံးလုံး လှည်းဘီးသံ တကျွီကျွီနဲ့။ တွေးရင်း မိချော ပြုံးလိုက်မိတယ်။ ဘကြီးစိန့်ထော်လာဂျီ ဘယ်လောက် နှေးနှေး 'တစ်နေ့တစ်လံ ပုဂံဘယ်ပြေး' လိမ့်မတုံးလေ။

❑

"မိန်းကလေး၊ လက်အုပ်ချီစမ်းအေ့။ ဟောဟိုမှာ တန့်ကြည့်တောင် စွယ်

mgyoe.com SAMPLE BOOK

တော်ကြီး။ တကူးတကနဲ့ လာဖူးမှဆိုရင် ဖူးရမယ် မဟုတ်ဘူး။ ကြုံတုန်းမို့ ဖူးရတာ။ ဖူးရခဲဘိခြင်းအေ”

အမေကြီးက မိချောကို လက်တို့ကာ ထော်လာဂျီပေါ်မှပင် လက်အုပ်ချီ ဝတ်ပြုခိုင်းရင်း သူကိုယ်တိုင်လည်း နှုတ်က တွတ်တွတ်ဆိုကာ ဝတ်ပြုနေပြန်တယ်။ မိချောတို့ ထော်လာဂျီကြီးက အတော်ခရီးပေါက်ခဲ့ပြီ။ ရွာကနေထွက်လာပြီး မြစ်ခြေ၊ သိမ်တော်၊ ညောင်နီပင်၊ ညောင်လှတို့ကို ဖြတ်ကျော်ခဲ့ပြီ။ ဒီဘက်အိုင်ကြီး၊ ကန်ကြီးစု၊ ပေါက်တော၊ မြို့စိုးရွာတွေကိုလည်း လွန်ခဲ့ပြီ။ ကျွန်းချောင်း အစိုးရနယ်မြေကို ရောက်တော့ တန့်ကြည့်တောင် စွယ်တော်ကြီးကို အဝေးကနေပင် ဖူးမြင်နေရပေ့ါ။ ရောင်နီ မပျို့တပျို့ အချိန်ပေမို့ ပူဇော်ထားတဲ့ လျှပ်စစ်မီးရောင်တွေပင် ပြိုးပြိုးပြက်ပြက် လင်းလက်နေတုန်းရယ်။ ဟိုး တောင်ထွတ်ဆီမှာ ဗုဒ္ဓမြတ်စွာရဲ့သရီရ ဓာတ်တော်တွေ ကိန်းဝပ်နေတဲ့ စွယ်တော်မြတ်စေတီကြီးက သပ္ပာယ်လွန်းလှပါရဲ့။ ကျွန်းချောင်း ဓာတ်မြေသြဇာစက်ရုံကြီးကလည်း တဂျုန်းဂျုန်းနဲ့ အရုဏ်ဦးကို တပ်လှန့်နေသည့်နှယ်။

“အမေကြီး၊ ဇက်ဆိပ်ရောက်ဖို့ လိုသေးလား။ ပုဂံဘက် ရောက်ချင်လှပြီ”

“မိန်းကလေးနှယ်အေ။ မလိုလှတော့ပါဘူးဟဲ့။ ရှေ့နား တစ်ခေါ်ဆို ရောက်ပါပြီ။ လက်ပံချောင်းရွာဝင်ရင် မြစ်ဆိပ်ရောက်တဲ့ဟာကို”

မိချောက မြင်သမျှ၊ တွေ့သမျှ မေးတော့ ဘွားစာဖြူကပဲ ဒိုင်ခံပြီး ဖြေရှာတယ်။ မိချောအမေ မကြာအုံကတော့ ထော်လာဂျီစီးရင်း မိန်းမဖော်တွေနဲ့ စကားဆိုရင်း...

တဟောဟော တသောသောရယ်။ သမီးကို ဘွားအေနဲ့ စိတ်ချထားပုံပေါ်ပါရဲ့။ အဖေကကလည်း ဤသို့ပင်။

ထော်လာဂျီ နောက်မြီးမှာ မတ်တတ်စီးလိုက်ရင်း စကားအမျှင်တန်းလို့။ တအောင့်နေတော့ ထော်လာဂျီက လက်ပံချောင်းရွာကို ဝင်ပြီ။ မြစ်ဆိပ်ဘက် ဆင်းလေပြီ။ မိချောကတော့ မြစ်ဆိပ်ရောက်တာနဲ့ မတ်တပ်ထရပ်လိုက်ပြီး မြစ်ပြင်ကြီးကို တငေးတမော မျှော်ကြည့်လိုက်တယ်။ ထော်လာဂျီရပ်တာနဲ့ ဘုရားဖူးတွေက ဆင်းကြတော့ မိချောလည်း လူကြီးတွေကြားထဲ တိုးဝှေ့ ဆင်းရတာပေ့ါ။

“ဟဲ့ ကောင်မလေး။ လူစုကွဲပ့ါမအေ။ အတင်း တိုးထွက်နေတော့တာပဲ။ ဒီကလေးမနဲ့တော့ ခွေးခိုး ရွာလည်ရသလိုပါပဲအေ ”

အမေကြီးက မိချောလက်ကိုဆွဲရင်း အော်ရှာတယ်။ မိချောကဖြင့် မကြား

mgyoe.com

mgyoe.com SAMPLE BOOK

ပေါင်။ အမေကြီးလက်ကို ခါချပြီး မြစ်ဆိပ်ဆီ ဆင်းပြေးတာပါပဲ။

မြစ်ဆိပ်ရောက်တော့ ခြောက်နာရီလောက်ရှိပြီမို့ လူလုံးကွဲပြီ။ မြစ်ဆိပ်မှာ ပွဲတော်သွားတဲ့ ဘုရားဖူးတွေက ပျားပန်းခပ်နေကြပေါ့။ လှေကြီးလှေငယ် အသွယ်သွယ်က အစီစီ အငုတ်ငုတ်။ စက်လှေတွေ သမ္ပာန်တွေက အသွယ်သွယ် အတန်းတန်း။ တချို့ သင်္ဘောငယ်လေးတွေကဖြင့် ရေထဲမှာ ဥဒဟို ခုတ်မောင်းနေကြလေပြီ။ မြစ်ပြင်ကို ဖြတ်တိုက်လာတဲ့ အညာဆောင်းရဲ့ လေနုအေးကလည်း စိမ့်နေပြန်တယ်။ ဟိုဘက်ကမ်းဆီကို မျှော်ကြည့်လိုက်ပြန်တော့ လက်ညှိုးထိုးမလွဲတဲ့ ပုဂံဘုရားပေါင်း အဆူဆူကို ဖူးမြင်ရပြီ။ မိချောကတော့ အမေကြီးပြောဖူးတဲ့ 'လှည်းဝန်ရိုးသံ တည်ည် ပုဂံဘုရားပေါင်း'

ဆိုတာကို အမှတ်ရပြီး နေ့နံတွေ တွက်ကာ ရေတွက်နေမိတယ်။

"ဒါတင် ဘယ်ဟုတ်မတုံးအေ။ မြစ်ထဲကို ခသွားတဲ့ ဘုရားအဆူပေါင်း ကိုလည်း ရွှေလသာဝါဝါဝင်း ဘုရားရေချိုးဆင်းလို့ ဆိုခဲ့ကြသေးတာပေါ့"

ဒီစကားတွေ ပြန်ကြားမိပြန်တော့ ဒီရောဝတီမြစ်ကြီးရဲ့ ဟိုးအောက်ခြေမှာ နစ်မြုပ်သွားတဲ့ ပုဂံဘုရားတွေ အများကြီး ရှိနေမှာပါလားဆိုတဲ့ အတွေးနဲ့ ဘယ်ဆီ ဘယ်ဝယ်မသိ လွမ်းမိပြန်သေးရဲ့။ ခဏနေတော့ နောက်ဘက်ဆီက မိချောအမေ မကြာအုံက လိုက်ခေါ်တာကြောင့် ထော်လာဂျီဆီ မိချော ပြန်လိုက်ခဲ့ရတယ်။ ထော်လာဂျီနားမှာတော့ အမေပန်းတို့တွေလည်း ရောက်နေပြီ။ ဘသာခိုင်တို့ကိုလည်း တွေ့ရဲ့။ လှည်းပေါင်းမိုးဆီကနေ လှမ်းပြီး လက်ပြနေတဲ့ ငထိန်နဲ့ မြပုံတို့ မောင်နှမကို လည်း မြင်နေရတယ်။ မိချောအလိုဆို ငထိန်နဲ့ မြပုံတို့ဆီ ပြေးလိုက်ချင်တာပေါ့။ အမေက လက်ကို ဆွဲထားလို့သာရယ်။

မြပုံတို့လှည်းတန်းတွေက မြစ်ဆိပ်ဘက်ကိုဆင်းတဲ့ လမ်းမကြီးရဲ့ဘေးက ညောင်ပင်ကြီးအောက်မှာ ချထားတာရယ်။ လှည်းတွေဆိုတာများ တစ်စီးနဲ့ တစ်စီး ထပ်သိပ်နေတာပါပဲ။ ညောင်ပင်ကြီးကလည်း မုတ်ဆိတ်တွေက ဖြာကျနေပြန်တယ်။ တချို့ကလေးတွေကတော့ ညောင်မုတ်ဆိတ်ကြီးတွေကို တွဲလွဲခိုစီးရင်း ယီးလေး ဟစ်နေကြပြန်တော့လည်း ပြေးစီးလိုက်ချင်စိတ်ကို မနည်းထိန်းထားရတယ်။

တအောင့်နေတော့ မြစ်ဆိပ်မှာရှိတဲ့ ကားကြီးကားငယ် အသွယ်သွယ်ကို ဇက်ပေါ် တင်ကြပြီ။ မိချောတို့ ထော်လာဂျီကြီးကိုလည်း ဇက်ပေါ် တင်ပြန်တယ်။ ဇက်ကြီးက ကျယ်လိုက်တာများ ကားအစီးပေါင်းများစွာ တင်နိုင်ရဲ့။ ကားတွေ ဇက်ပေါ် ရောက်တော့ ဆိုင်ရာဆိုင်ရာ ကားတွေပေါ် ပြန်တက်ကြရတယ်။ တချို့က

mgyoe.com

mgyoe.com SAMPLE BOOK

ကျ ကားပေါ်မတက်တော့ဘဲ ဇက်ဝမ်းထဲမှာပဲ ရပ်ကာထိုင်ကာ လိုက်ကြတယ်။ ဇက်ကြီးရဲ့ကြမ်းခင်းက သံထည်ကြီးတွေဆိုတော့ အေးလိုက်စက်လိုက်တာများလေ။ သည်ကြားထဲ ဇက်မထွက်ခင် အချိန်လေးမှာ လက်ပံချောင်းရွာထဲက ဈေးသည်တွေကလည်း ပြောင်းဖူးပြုတ်၊ မြေပဲပြုတ်၊ ငုံးဥ ကြက်ဥပြုတ်ထည့်ထားတဲ့ ဗန်းကလေးတွေကို ရွက်ပြီး သူ့ထက်ငါ အလုအယက် ရောင်းကြသေးတာ။ မိချောရယ်၊ ငထိန်ရယ်၊ မြပုံရယ်ကတော့ သန့်စင်ခန်းဘေးကနေ တက်ရတဲ့ ဇက်ပေါ်က ပေါင်းမိုးလိုထပ်ခိုးလေးပေါ် ပြေးတက်လိုက်ကြတယ်။ လူကြီးတွေကတော့ ရေထဲပြုတ်ကျချေရဲ့ဆိုပြီး တအော်အော် တကြော်ကြော်။ မိချောတို့ကဖြင့် အပျော်မပျက်ပေါင်။ ဇက်ကြီးထွက်တာနဲ့ ပွဲတော်သွား ဘုရားဖူးတွေက ဟေးခနဲဝါးခနဲ အော်ကြပြန်တော့ ထိတ်ခနဲ လန့်ပြီး လှပ်ခနဲ ပျော်ရပြန်ရဲ့။

ဇက်ကြီးကတော့ မြစ်ကြောင်းကိုဆန်ပြီး တအိအိ တငြိမ့်ငြိမ့်နဲ့ ခုတ်မောင်းနေလို့ပေါ့။ နယ်စုံပယ်စုံက ဘုရားဖူးတွေကလည်း မိတ်ဆက်သူ ဆက်ကြ၊ စကားဆိုသူ ဆိုကြနဲ့ မိတ်ဖွဲ့ကြရဲ့။ တသွင်သွင် စီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးကတော့ ဆောင်းမနက်ခင်းမှာ လှိုင်းကြက်ခွပ်လေးတွေက ပြေပြေလေးထလို့။ ဇက်ရဲ့ ဘေးဘက်အခြေမှာတော့ စက်ခုတ်အားကြောင့်မို့ မြစ်ရေတွေက ဖြာခနဲ၊ ဖွာခနဲ၊ ဖွေးခနဲ၊ လက်ခနဲ။ မိချောတို့ကတော့ ကြောက်ရလန့်ရကောင်းမှန်း မသိပေါင်။ ပျော်လိုက်တာမှလွန်ရော။ အမေကြီးကတော့ ထော်လာဂျီပေါ်ကနေ မိချောတို့ကို လှမ်းကြည့်ရင်း ခေါင်းတခါခါ လက်တပြပြနဲ့ အော်နေရှာတယ်။ တချို့သူတွေကျပြန်တော့ သမ်းဝေ ငိုက်မြည်းနေကြတယ်။ မနက်စောစော ထလာကြရလို့ ဖြစ်မှာပေါ့။ တချို့ကျလည်း ဟိုးရှေ့မှာ ပြက်ပြက်ထင်ထင် လှမ်းမြင်နေရပြီဖြစ်တဲ့ ပုဂံဘုရားအဆူဆူကို လက်အုပ်ချီလျက် ဦးတင်နေကြလေပြီ။

❑

"ကိုင်း ဘူးဘုရားတော့ ထုံးစံအတိုင်းပေါ့။ အပြန်ကျမှသာ ဝင်ဖူးကြတော့။ ဘုရားက ဘယ်မှ ထွက်မပြေးပါဘူး"

ဘကြီးစိန်က ထော်လာဂျီပေါ် ပါလာတဲ့ ခရီးသည်တွေကို အော်ပြောနေတယ်။ ဟုတ်ပါရဲ့။ ဘူးဘုရားဆိပ်တောင် ရောက်ခဲ့ပြီ။ မိချောတို့ လက်ပံချောင်းဆိပ်ကနေ စီးလာတဲ့ဇက်ကြီးက ပုဂံဘက်ကျ ဘူးဘုရားဆိပ်မှာ ကမ်းကပ် ကျောက်ချရတယ်။ အမေကြီးကတော့ ကမ်းဦးကနေပဲ ပျူစောထီးမင်းရဲ့ ကောင်းမှုတော်ဖြစ်တဲ့ ဘူးဘုရားစေတီတော်ကို ဦးခိုက်နေလေရဲ့။ ဘူးဘုရားကိုမြင်တော့ အမေကြီး ပြော

mgyoe.com

mgyoe.com SAMPLE BOOK

ဖူးခဲ့တာတွေကို မိချော ပြန်အမှတ်ရမိနေပြန်တယ်။ စေတီတော်ပုံစံက ထုလုံးရှည် ဓာတ်တော်ကြုတ်သဏ္ဌာန်ရှိပြီး မြစ်ကမ်းနဖူးမှာ တည်တဲ့ဘုရားမို့ ခရုပတ်သဖွယ် ရေကာန်ရံကြီး ကာထားရသတဲ့။ ပုဂံပြည်ဘက်ကို မြစ်ရေမဝင်အောင် အရံအတား ဆိုလည်း မှန်သတဲ့။ ဒါကြောင့်လည်း 'ဘူးဘုရားသောင်ကာလို့ ပြည်သာတယ်လေး' လို့ ဆိုခဲ့ကြသတဲ့။

မိချောက အမေကြီးနားတိုးကပ်ရင်း ဘုရားသမိုင်းကြောင်းတွေကို တတွတ်တွတ် မေးနေမိပြန်ရဲ့။ "မိချော၊ ပွဲခင်းထဲရောက်ရင် ညည့်ဘွားအေလက်ကို ခိုင်ခိုင် တွဲထားနော်။ အမေတို့က ဝယ်ရခြမ်းရမှာနဲ့ ညည်းကို ဂရုစိုက်အားမှာ မဟုတ်ဘူး" ဟု အမေက ပြောထားတဲ့အတွက် ထော်လာဂျီပေါ် မှာကတည်းက အမေကြီးလက်ကို မြဲနေအောင် ကိုင်ထားရသေးတာ။ ဇက်ကမ်းကပ်တော့ မိချောတို့ ထော်လာဂျီကြီးကို ဇက်ပေါ် က ချပြီး ဘူးဘုရားဆိပ်ကနေ အာနန္ဒာဘုရားပွဲတော်ကွင်းဆီ ခရီးဆက်ကြ ရပြန်တယ်။ လမ်းတလျှောက်မှာ မြင်ရတဲ့ ဟောင်းယွင်းအိုမင်းနေတဲ့ ဘုရားအိုကြီး တွေကို ကြည့်မိပြန်တော့ မိချောရင်ထဲ လွမ်းသလိုလို။ အမေကြီးကတော့ မျက်ရည် များပင် ဝေ့သီလို့။

"ကြည့်စမ်းအေ့ မိန်းကလေး။ ဒီလို မရေမတွက်နိုင်တဲ့ ဘုရားအဆူဆူက တစ်ချိန်က ပုဂံပြည်ကြီးဟာ သာယာခဲ့ပါရဲ့၊ ခမ်းနားခဲ့ပါရဲ့၊ သာသနာတော်ကြီး နေလို လလို ထွန်းလင်းခဲ့ပါရဲ့ဆိုတဲ့ ပုံရိပ်တွေပေါ့အေ"

ဘွားစာဖြူက မျက်ရည်ဝဲရင်း ဆိုလေတော့ မိချောပင် ရင်ထဲမှာ ကြည် နူးခြင်းတစ်ဝက်၊ နွမ်းလျခြင်းတစ်ဝက် ခံစားလိုက်ရတယ်။ တချို့သော ဘုရားစေတီ တွေက လုပ်ငန်းခွင်ထဲ၊ ဟိုတယ်ဝန်းထဲ၊ စီးပွားရေး အဝန်းအဝိုင်းထဲ ရောက်နေတာ တွေ့မြင်ရပြန်တော့လည်း အမေကြီးက ပင့်သက်မောချရင်း ရင်ထဲမကောင်းကြောင်း ဆိုရှာရဲ့။

"အမေကြီး၊ ဟိုးမှာ သရပါတံခါးကြီး မြင်နေရပြီ"

မိချောက ဝမ်းသာအားရ လှမ်းအော်ပြောမိတယ်။ မိချောက မတ်တတ်စီး လိုက်သည်မို့ ကြိုမြင်နေရသည်ကိုလည်း အမေကြီး ပြောပြထားလို့ မိချောရင်ထဲ စွဲနေပေါ့။ "သရပါတံခါးကို ပျဉ်ပြားမင်း လက်ထက်က တည်ဆောက်ခဲ့တာပေါ့ မိန်းကလေးရယ်။ ပုဂံမြို့ရဲ့ လေးမျက်နှာမှာ တံခါးဆယ့်နှစ်ရပ်ရှိသအေ့။ အဲဒီထဲကမှ သရပါတံခါးက အရှေ့မျက်နှာရဲ့ အလယ်တံခါးပေါ့အေ "

မိချော ပုဂံကို အင်မတန် ချစ်ပါတယ်။ အမေကြီး ပြောခဲ့တဲ့ အိပ်ရာဝင်

mgyoe.com

mgyoe.com SAMPLE BOOK

ပုံပြင်တွေဟာ ပုဂံရာဇဝင်တွေချည်း ပြောခဲ့လို့ ထင်ပါရဲ့။ ပုဂံဆိုတာနဲ့ မိချောအလိုလို ကြက်သီးမွေးညင်း ထရတယ်။ "ပုဂံရာဇဝင်ကိုရှင်းရင် လုံထမ်းဓားထမ်းပြီး ငြင်းရတယ်" လို့လည်း ဆိုကြပြန်တယ်။ မိချောလည်း အမေကြီးပြောသမျှ အလုံးစုံကိုတော့ နားမလည်ပါဘူး။ ဒါပေမဲ့ နားထောင်လို့တော့ အကောင်းသား။

"အမေကြီး။ သရပါဆိုတာ ဘာပြောတာတုံး သိရင် ပြောပြစမ်းပါ"

"ငါ့မြေးရဲ့။ ပုဂံမြို့ရဲ့ အရှေ့မျက်နှာမှာ တံခါးသုံးတန် ရှိသအေ့။ သရဇဏ် တံခါး၊ သရပါတံခါး၊ သရဗေတံခါးတဲ့။ အဲဒီထဲမှာမှ သရပါတံခါးက မြားတွေကို ကာဆီးတဲ့ တံခါးပေါ့အေ။ ပုဂံမြို့ဟောင်းကြီးရဲ့ တစ်ခုတည်းသော နောက်ဆုံးပြယုဂ် တံခါးကြီးပေါ့"

ထော်လာဂျီက သရပါတံခါးကို လွန်ပြီး ပွဲတော်ကွင်းထဲဝင်လာပြီ။ ပြီးတာနဲ့ ကားဝိုင်းမှာ နေရာချပြီး ဆင်းကြရပြီ။ အမေကြီးကတော့ ကားတန်းဘက်ကနေ အာနန္ဒာဘုရားကြီးကို လက်အုပ်ချီ ဦးတင်လိုက်ပြန်တယ်။ မိချောကတော့ အမေကြီး ပြောပြတဲ့ သရပါတံခါးမုခ်က မောင်နှမ နတ်ကွန်းကြီးကို စိတ်ဝင်စားနေမိပြန်တယ်။ သရပါတံခါးကြီးက အာနန္ဒာဘုရားရဲ့ အနောက်မြောက်ဘက်နားမှာ ရှိတယ်။ အမေကြီး ပြောသလိုဆိုရင် ဒါဟာ သရပါတံခါးကြီးကို စောင့်ရှောက်ကြတဲ့ မင်းမဟာဂီရိ နတ်မောင်နှမရဲ့ နတ်ကွန်းပေါ့။ လက်ဝဲဘက်မှာ မောင်တော်နတ်ကွန်း ရှိပြီး လက်ယာဘက်ကတော့ နှမတော်နတ်ကွန်းတဲ့လေ။ မိချော ငေးနေ၊ တွေးနေတုန်း ရှိသေး အမေကြီးက လက်ကို ဆတ်ခနဲ ဆွဲတာနဲ့ ပွဲတော်ကွင်းဘက်ဆီ ပါသွားရပြန်တယ်။ ပွဲတော်ကွင်းထဲ ရောက်လေတော့ လူရှုပ်ပြီမို့ မိချော ဂရုစိုက်ရပြီ။ အမေကြီးလက်ကို မလွတ်တမ်း ဆုပ်ကိုင်ထားရတယ်။ လူကွဲထွက်ရင် ခက်ရချေရဲ့လေ။

❑

"နေစမ်းပါအုံး အမေကြီးရဲ့။ ဒီမှာ နားထောင်လို့ ကောင်းတုန်းဟာကို။ အမေကြီးနောက် တောက်လျှောက်လိုက်ရတာလည်း ညောင်းလှပေါ့"

မိချောက ဧည့်သည်တွေကို ဘုရားသမိုင်း ရှင်းပြနေတဲ့ အစ်ကိုကြီးနားမှာ ကပ်ပြီး နားထောင်ရင်း ဘွားစာဖြူကို တားလိုက်တယ်။ အမေကြီးလည်း မိချော အလိုကို လိုက်ရပြန်တာပါပဲ။ မိချောကတော့ မျက်တောင်မခတ်တမ်းပင် စိတ်ဝင်တစား ရှိနေရှာတယ်။ အာနန္ဒာဘုရားကြီးက ကျန်စစ်သားမင်းရဲ့ ကောင်းမှုတော်တဲ့။ ကျန်စစ်သားမင်းကြီးက နန္ဒမူ လိုဏ်ဂူကနေ ကြွချီလာတဲ့ ရဟန္တာမထေရ်မြတ်တွေ

mgyoe.com SAMPLE BOOK

ဆီကနေ နန္ဒမူလိုဏ်ဂူရဲ့ အကြောင်းကို ကြားသိနှစ်သက်တော်မူပြီး နန္ဒမူလိုဏ်ဂူ သဏ္ဍာန် တည်ထား ကိုးကွယ်ခဲ့တာတဲ့လေ။

"အာနန္ဒာဘုရား ပန္နက်ပုံက ပုဂံမှာရှိတဲ့ တခြားသောဘုရားတွေနဲ့ မတူဘူး ခင်ဗျ။ အာရုံခံလေးဘက်မှာ မုခ်လေးမုခ်ထားရှိပြီး အလယ်မဏ္ဍိုင်ကြီးရဲ့ လေးမျက်နှာမှာတော့ ပွင့်တော်မူပြီးတဲ့ ဘုရားရှင်လေးဆူကို ရည်မှတ်ပြီး မတ်တတ်ရပ် ဗုဒ္ဓရုပ်ပွားတော် လေးဆူ ပူဇော်ထားတယ်ဗျ။ အရှေ့မျက်နှာမှာတော့ မလ္လာယုက္ခန်းက ရတဲ့ သရက္ခန် နံ့သာအနှစ်နဲ့ ထုလုပ်ပူဇော်ထားတဲ့ ကောဏဂုံမြတ်စွာဘုရား၊ အနောက်ဘက်က ပဥ္စလောဟာဖြင့် ပြီးအပ်တဲ့ ဂေါတမမြတ်စွာဘုရား၊ တောင်ဘက်က ဟိမဝန္တာကရတဲ့ ထင်းရှူးသားနဲ့ ပူဇော်ထားတဲ့ ကဿပမြတ်စွာဘုရား၊ မြောက်ဘက်ကတော့ ဥဿာ ပြည်မှရတဲ့ စံကားသားနဲ့ ပူဇော်ထားတဲ့ ကကုသန်မြတ်စွာဘုရားပါဗျ။ ဆင်းတုတော်တွေဟာ ရှစ်ပေစီမြင့်တဲ့ ပလ္လင်တော်ပေါ်မှာ တည်ပါတယ်။ ဉာဏ်တော်သုံးဆယ့် တစ်ပေနဲ့ ရှစ်လက်မစီရှိပြီး ပုဂံရဲ့အမြင့်ဆုံး ရုပ်ပွားတော်တွေလို့ ဆိုနိုင်ပါတယ်ခင်ဗျ။ ဒီဘုရားတွေ ထုလုပ်စဉ်က ဗိသုကာပညာရှင်တွေဟာ တစ်ဖက်နဲ့တစ်ဖက် ကြည့်ရှု တိုင်ပင်ခြင်း မရှိပါဘဲ ပြီးတဲ့အခါမှာ ဉာဏ်တော်တွေ တူနေတာကလည်း အံ့ဖွယ် တစ်ပါးပါဗျ "

မိချော စိတ်ဝင်စားလိုက်တာလေ။ နားထောင်လို့ ကောင်းလိုက်တာလည်း လွန်ပါရော။ မိချော နားမလည်တာတစ်ခု ရှိသေးတယ်။ မသိရတော့ စိတ်ထဲဘဝင် မကျလှဘူး။

"အစ်ကိုကြီး၊ ပဥ္စလောဟာ ဆိုတာ ဘာတုံးဟင်"

မိချော အရဲစွန့် မေးလိုက်တော့ အစ်ကိုကြီးက ပြုံးပြပြီး ဖြေပေးပါတယ်။ ပဥ္စလောဟာ ဆိုတာ ရွှေ ငွေ၊ ကြေးနီ၊ သံ၊ ခဲ စတဲ့ သတ္တုငါးမျိုးရောစပ်ပြီး သွန်းလုပ်ပူဇော်တာကို ပြောတာတဲ့။ မိချော ကျေနပ်သွားတယ်။ အမေကြီးကတော့ မိချောကို ကျိတ်ကာဆွဲခေါ်ရင်း "လျှာရှည်လိုက်တဲ့ မိကျောင်းမသမီးဟဲ့ " တဲ့။ မိချောကတော့ အဟိလို့သာ ရယ်မိရင်း အမေကြီးနောက် လိုက်ခဲ့ရတယ်။

ပွဲဈေးတန်းထဲ ရောက်ပြန်တော့ ဈေးသည် ဈေးဝယ်တွေဆိုတာ ကြက်ပျံမကျ စည်ကားလှပါရဲ့။ အဝတ်အထည်တွေဆိုတာများ ဆိုင်ကြီးဆိုင်ငယ် အသွယ်သွယ်နဲ့ တောင်ပုံရာပုံပင်။ မိချောကတော့ ယွန်းထည်ဆိုင်တွေကိုသာ ငေးမောနေမိတယ်။ ယွန်းထည်တွေကလည်း ပန်းတွေ၊ ကနုတ်တွေနဲ့ လှချင်တိုင်း လှနေပြန်တာကိုး။ တောင်းပလုံးဆိုင်မှာတော့ အဖေတို့၊ အမေတို့နဲ့ ပြန်ဆုံကြတယ်။ အမေကြီးနဲ့

mgyoe.com

mgyoe.com SAMPLE BOOK
အမေပန်းက ဖျာကြမ်းတစ်ချပ်စီ ဝယ်ကြသလို အမေကလည်း တောင်းပလုံးစုံအောင် ဝယ်ပါတယ်။ ဆိုင်ထဲမှာလည်း ဖျာချော ဖျာကြမ်း၊ ဇကော၊ ဆန်ခါ၊ ခြင်း၊ တောင်း စုံလို့စေ့လို့။

"ကြာအုံ ငါ့သမီးရေ။ ဇကော ဆန်ခါတော့ စုံအောင်ဝယ်ခဲ့အေ။ အဲဒါတွေ မစုံတော့ တလင်းသိမ်းချိန်ရောက်ရင် အင်မတန် ဒုက္ခရောက်ရတာကလား"

အမေကြီးက အမေပန်းနဲ့အတူ ဖျာရွေးနေရင်းကနေ မိချော အမေကို ပြောလိုက်သေးတာ။ အညာသူ အညာသားဆိုတာ တောင်သူယာလုပ် ဓားမခုတ်နဲ့ အသက်မွေးကြရတာကိုး။ တောင်သူပေါ် ချိန်တော့ ပြာဖို့ခတ်ဖို့ ဇကောဆန်ခါစုံမှ လုပ်ငန်းတွင်တာ မဟုတ်လား။ သည်တော့ တောင်သူတိုင်းက တောင်သူပစ္စည်းကို ပြာသိုပွဲရောက်တိုင်းလည်း တစ်နှစ် တစ်ခါ ဝယ်ကြရတာပေါ့။ အမေပန်းက "ငါ့ ဖျာလိပ်မှာ နာမည်ရေးပေးစမ်းဟဲ့" ဆိုပြီး ဆိုင်ရှင်ကို နာမည်ရေးခိုင်းတယ်။ ပြီးတာနဲ့ ဖျာလိပ်ကြီးခေါင်းပေါ် ရွက်၊ နှီးတောင်းကြီး ခါးစောင်းတင်ပြီး ထော်လာဂျီဆီ ကဲ့ပြန် သဲ့ပြန်တယ်။ အဖေနဲ့ ဘသာခိုင်ကတော့ တံစဉ်နဲ့ ခက်ရင်းတွေ၊ ဂေါ်ပြားတွေ ဝယ်ဦးမယ်ဆိုကာ အမေ့ဆီက ပိုက်ဆံတောင်းပြီး သံထည်ဆိုင်ဘက် ထွက်သွားကြ လေရဲ့။

တချို့ကျလည်း "ငွေ လေးငါးသောင်း အကုန်ခံပြီး ပွဲတော်လိုက်မနေပေါင်။ ဆန်နှစ်အိတ်လောက်ဝယ်ပြီး ဗိုက်ရိုက်စားလိုက်မဟဲ့" ဆိုသူတွေလည်း ရှိကြတာ ပါပဲ။ မိချောအမေ မကြာအုံတို့ကတော့ မဟုတ်ပေါင် "မသေခင် လိုက်ရတာ လိုက်စမ်းမဟဲ့။ ပေါ်တုန်းပေါ်ခါ ဝယ်ရတာ ဝယ်လိုက်မဟဲ့" ရယ်လို့ သဘောထား တာ။ တစ်နည်းဆိုရရင် အာနန္ဒာဘုရားပွဲတော်ဟာ တောင်သူတွေအဖို့ တောင်သူစာ ပေါ်ခါပေါ်ခိုက် ကျင်းပလို့ တောင်သူ့ပွဲလို့တောင် ခေါ်နိုင်မယ် ထင်ပါရဲ့။

❑

"အေ... မယ်စာဖြူ လာစမ်းအေ။ ဖက်ကြမ်းလေးငါးစည်းလောက် သွားဝယ်ရအောင်။ ဆေးရိုးလေးလည်း တစ်စိတ်တစ်ခွဲ ဝယ်ကြတာပေါ့"

အမေပန်းက အမေကြီးကိုခေါ်ပြီး ဖက်ကြမ်းဆိုင်ဘက် ခေါ်သွားပြန်တယ်။ ဒါသည်လည်း အညာသူ အညာသားကြီးတွေရဲ့ မရှိမဖြစ် မဟုတ်လား။ တောသူ တောင်သားကြီးတွေပီပီ လက်ဖက် ကွမ်းဆေး မက်စက်ကြတာကိုး။ သူ့အိမ်ကိုယ့်အိမ် အလည်သွားလို့ စားဖော်သောက်ဖွယ်တွေနဲ့များ ဧည့်ခံရင် "စားချင်ပေါင်အေ။ ညည်းတို့ သရေစာများတော့ လက်ဖက်တစ်တိ ဆေးတစ်ညှိလောက်တောင် မမက်
mgyoe.com

mgyoe.com SAMPLE BOOK

ပေါင်" လို့ ဆိုတတ်ကြတာကိုး။ မိချောကတော့ အမေကြီးလက်ကို ဆွဲပြီး မျက်စိတစ်ဆုံး ဆိုင်တန်းရှည်ကြီးတွေကို ငေးရင်းမောရင်း လိုက်မိတယ်။ နှီးဖျာတွေကာရံထားတဲ့ ရုပ်ရှင်ရုံကြီးကလည်း မိချော အာရုံကို ဆွဲဆောင်နေပြန်တယ်။ ရုံဝက ပိုစတာကြီးတွေကို မြင်တော့တောင် မိချော အပြေး ကြည့်မိပြန်သေးတာ။

တချို့ကျလည်း သံသေတ္တာကြီးတွေကို ပွေ့ကာပိုက်ကာ ဝယ်လားဝယ်ရဲ့၊ ဒန်အိုးဒန်ခွက်တွေ သယ်လားသယ်ရဲ့။

စဥ့်သုတ်ထားတဲ့ အိုးတန်းကြီးတွေကလည်း ဝယ်ချင်စရာအတိ။ အိုးကြီးအိုးငယ် အသွယ်သွယ်ကို စီတန်းထားလိုက်တာများ လှတောင် လှပါရဲ့။ အိုးပုတ်ချိုးရုပ်လေးတွေ စဥ့်အင်တုံလေးတွေဆိုတာ လှရက်ပါပေ့ရဲ့။

"အမေကြီး။ ကျုပ် ညောင်းလှပြီ"

မိချော တကယ် ပင်ပန်းလှပါပြီ။ မနက်စောစော ထရတာရော၊ လမ်းလျှောက်ရတာရောမို့ ထိုင်ချင်လှပေါ့။

ဒီတော့လည်း ဘွားစာဖြူ မနေသာပြန်ပြီ။ အုတ်တံတိုင်း အရှေ့ဘက်မှာရှိတဲ့ မန်ကျည်းရိပ်၊ ထနောင်းရိပ်အောက်က လှည်းဝိုင်းတွေရှိရာဆီ လှည့်လာခဲ့ကြတယ်။ အဲဒီဘက်မှာပဲ အေးအေးလူလူ နားရမှာမဟုတ်လား။ လှည်းဝိုင်းကြီးတွေဆီ ရောက်ပြန်တော့ မိချော ပင်ပန်းတာတွေ ပျောက်ရပါပြီ။ ပေါင်းမိုးလှည်းတွေက ဟိုနားတစ်စီး၊ သည်နားတစ်စီးနဲ့ လှည်းဝိုင်းစုကြီး ဖြစ်လို့နေတယ်။ အဲဒီနားမှာပဲ ချက်ဟယ် ပြုတ်ဟယ်၊ စားဟယ် သောက်ဟယ်နဲ့ တစ်စည်းတစ်လုံး စုစုရုံးရုံး မြင်ရပြန်တော့ မိချော ရင်ထဲ ပျော်မိသေးရဲ့။

တချို့ လှည်းတွေက ဘုရားသပိတ်လုံးမီချင်တာမို့ ညအိပ်ညနေ လှည်းတန်းရှည်နဲ့ မိသားစုလိုက် လာကြသည်တဲ့လေ။ တချို့လည်း သပိတ်လုံးပြီးတော့ ပြန်သည့်လှည်းကပြန် ကျန်သည့်လှည်းက ကျန်ပေါ့။ အာနန္ဒာဘုရားကြီးရဲ့ အရှေ့မြောက်ဘက်ဆီ မျှော်လိုက်ပြန်တော့ မင်းအိုချမ်းသာဘုရားကို အဝေးက ဖူးမြော်နိုင်သေးတယ်။ မင်းအိုချမ်းသာဘုရားက ကျန်စစ်သားမင်းကြီး သက်တော် ခုနစ်ဆယ့်နှစ်နှစ်ကျမှ မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်ကိုရပြီး တိုင်းပြည်၊ မင်းနဲ့ ပြည်သူချမ်းသာပါစေဆိုပြီး တည်ခဲ့တာတဲ့လေ။ ကျန်စစ်သားမင်းကြီးရဲ့ တိုင်းပြည်နဲ့ဘာသာသာသနာအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပုံတွေကို မိချော မြင်ယောင်ခံစားမိပါရဲ့။ နှီးဖျာကြမ်းတွေကို မိုးကာ၊ ရံကာ ဆောက်ထားတဲ့ ဆိုင်တန်းရှည်ကြီးတွေကို ကြည့်လိုက်ပြန်တော့လည်း ကြည်နူးစရာ၊ လွမ်းမောစရာ။ ဘုရားပုထိုးတွေကလည်း

mgyoe.com SAMPLE BOOK

တကယ့်ကို လက်ညှိုးထိုး မလွဲနိုင်အောင် များလိုက်ပုံများ။

"ထုမှာ ဓမ္မရုံ... ညဏ်မှာ သဗ္ဗညု... အနုမှာ အာနန္ဒာတဲ့အေ့" ဆိုကာ ဘွားစာဖြူက ရှင်းပြပြန်တော့ မိချော သွားဖူးချင်ပြန်တယ်။ အာနန္ဒာဘုရားပွဲ လာလေတိုင်း ဒီမှာတင် လှည့်ပြန်ခဲ့ရသည်ချည်း။ သွားချိန်၊ လာချိန်၊ ဝယ်ချိန်၊ ခြမ်းချိန်နဲ့ ဘယ်ဘုရားမှ မလှည့်သာ။ တစ်နှစ်လားတော့ အဖေက မိချောကို ပုဂံပြတိုက်ထဲ လိုက်ပို့ဖူးပါတယ်။ ခမ်းနားလွန်းလှတဲ့ ပြတိုက်ကြီးထဲက မိချော ပြန်ပင် မပြန်ချင်အောင် ဖြစ်ခဲ့ရတယ်။ ပုဂံခေတ် နန်းဝတ်နန်းစားတွေနဲ့ ရုပ်ထုကြီးတွေကို မြင်ပြန်တော့ ဟိုးပုဂံခေတ်ကို မိချော ကိုယ်တိုင် ရောက်သွားသလို ခံစားခဲ့ရသေးတာ။ ကျန်စစ်သားမင်းကြီး ရှိခဲ့မှာပေါ့။ မဏိစန္ဒာလေး ပျော်ခဲ့မှာပေါ့လို့ တွေးမိတိုင်း ကြက်သီးစိမ့်စိမ့် ထရတယ်။ ဇာတ်လမ်းထဲမှာ ကြည့်ဖူးသလိုမျိုး မြင်းရထားတွေ တဂျုတ်ဂျုတ်နဲ့ အနော်ရထာမင်းကြီး လှည့်လည်စံပျော်ခဲ့ဖူးမှာလားလို့ တွေးမိလေတိုင်း လွမ်းရပါတယ်လေ။

❑

"ကိုင်း... လူစုံပလား။ စစ်ကြစမ်းပါဦး"

ဘကြီးစိန်က လူစစ်ခိုင်းတယ်။ ဝယ်လို့ခြမ်းလို့ပြီးပြီ၊ ကဲ့လို့၊ သယ်လို့ စုံပြီဆိုရင် မြစ်ဆိပ်ကို ပြန်ဆင်းရတော့မယ်။ လူစုံတော့ ထော်လာဂျီပေါ် တက်ကြရပြီ။ ဘယ်သူ ဘာဝယ်လာသလဲ မေးကြမြန်းကြရင်း ကိုယ်ဝယ်လာတဲ့ ပစ္စည်းလေးတွေကို တသသ တမမကြည့်ပြီး မြတ်နိုးလို့ မဆုံးနိုင်ကြတော့။ တစ်နှစ်တစ်ခါ တာဝန်ကျေခဲ့ရပြန်ပြီဟဲ့ဆိုတဲ့ အသိစိတ်နဲ့ ကြည်နူး ကျေနပ်မှုတွေကိုတော့ မျက်နှာပေါ်က အပြုံးလေးတွေက သက်သေပြနေလေရဲ့။

"ရော့ ဟဲ့ ငါ့သမီး ရှင်မိချောဖို့ မုန့်နှာခေါင်း"

အမေက မိချော ရင်ခွင်ထဲ မုန့်နှာခေါင်းထုပ်ကြီး ပစ်ထည့်လိုက်တော့ မိချော ကျေနပ်သွားတယ်။ ပြာသိုပွဲရဲ့ အထင်ကရက မုန့်နှာခေါင်းလေ။ မုန့်နှာခေါင်းဆိုတာ မင ်'ပြားပွပွကြီးတွေကို သကြားရည်ဆမ်းထားတာပါ။ ပွပွကြွကြွကြီးပေမို့ စားလို့ကောင်းလှတယ်။ ကိုက်ချလိုက်တိုင်း သကြားနှစ်တွေက ပဲ့ကြွေတတ်တာမို့ ထိန်းကိုက်ရတာရယ်။ ငထိန်နဲ့ မြပုံကို ကြည့်လိုက်မိတော့ သင်းတို့ မောင်နှမက ကြံသကာပြား မာမာကြီးတွေကို ကိုက်ရင်း မိချောကို ပြန်ကြည့်ကြတယ်။ ငထိန်က မိချောကို လျှာထုတ် ပြောင်နေတာမို့ မိချောက မျက်စောင်းပြန်ထိုးလိုက်တော့ ငထိန်က ဟီးခနဲ ရယ်လိုက်သေးတာ။ ရယ်လိုက်တော့ ပါးစပ်ထဲက ကြံသကာစေး

mgyoe.com

mgyoe.com SAMPLE BOOK

တွေက မေးစေ့အထိ စီးကျလို့။

လူစုံလို့ ထော်လာဂျီထွက်တော့ အားလုံးက ဘုရားကြီးဆီကို ဦးခိုက်ကြပြန်တယ်။ မိချောက သရပါတံခါးကြီးနားအရောက်မှာ ဘာရယ်မဟုတ် လက်ကလေးပြလိုက်တယ်။ မင်းမဟာဂီရိ နတ်မောင်နှမက မိချောကိုကြည့်ပြီး ပြုံးနေကြမယ်ထင်ပါရဲ့။ ဘူးဘုရားဆိပ်ရောက်တော့ ဇက်မထွက်သေးတာမို့ ဘူးဘုရားပေါ်တက်ဖူးကြပြန်တယ်။ အောက်ဘက်ကမ်းခြေမှာတော့ အကြော်ဆိုင်တွေပေါ့။ ငါးပေါင်း၊ ပုစွန်ပေါင်းတွေက စားချင်စရာ။ မိချော ပူဆာလို့တောင် အမေက ဝယ်ကျွေးပါသေးတယ်။

"ဟိုးဘက်ကမ်းကို လှမ်းကြည့်စမ်း ငါ့မြေး။ တောင်ထိပ်မှာ တန့်ကြည့်တောင်စွယ်တော်ကြီးကို မြင်ရဲ့လား "

အမေကြီးပြလို့ မိချောကြည့်မိတယ် ဟုတ်ပါရဲ့။ မြစ်တစ်ဖက်က တောင်ထွတ်ပေါ်မှာ ရွှေရောင်ဝင်းနေတဲ့ စေတီတော်ကြီးရယ်လေ သပ္ပာယ်လိုက်တာ။ အောက်မှာတော့ လှေသမ္ဗာန်တွေနဲ့ ဧရာဝတီမြစ်ကြီး။ သစ်ပင်အုပ်အုပ် စိမ်းစိမ်းညို့ညို့နဲ့ ရွာကလေးတွေကို မြင်ပြန်တော့ မိချော မေးမိပြန်တယ်။

"အဲဒါ အမေကြီးတို့ မြစ်ခြေဘက်ခြမ်းက ကျွန်းရွာကလေးတွေပေါ့ မိန်းကလေးရဲ့။ ငွေသောင်တို့၊ ချမ်းသာကြီးတို့၊ ဆယ်လံတို့ပေါ့ အေ့။ လောကနန္ဒာဆိပ်ကနေ ကြည့်ရင်တော့ အရှေ့သီရိ အနောက်သီရိနဲ့ ရနောင်ထောင်းကြီးရွာတို့၊ ဇီးကုန်းရွာတို့ကို လှမ်းမြင်ရတာပေါ့အေ"

အမေကြီးပြောသမျှ မိချောနားထောင်ရတာ မငြီးငွေ့နိုင်ဘူး။ တအောင့်နေတော့ ဇက်ထွက်တော့မယ်ဆိုတာနဲ့ ထော်လာဂျီပေါ် တက်ကြရပြန်ပြီ။ ကားတွေကို ဇက်ပေါ်တင်ရပြန်ပြီ။ ပြီးတော့လည်း ဧရာဝတီမြစ်ကြောကိုစုန်ပြီး လက်ပံချောင်းဆိပ်ဆီ ပြန်ခဲ့ရတယ်။ မိချောကတော့ ဇက်ပေါ်ကနေ ပုဂံဘက်ကမ်းကို မျှော်ကြည့်ရင်း လွမ်းသလိုလို။

"အမေကြီး။ ကျန်စစ်သားတို့၊ မဏိစန္ဒာတို့ကို ထားခဲ့ရပြီနော်"လို့ မိချောက ဆိုလေတော့ ဘွားစာဖြူက 'မိန်းကလေးနှယ်အေ' လို့သာ ဆိုရှာတယ်။ ဒီလိုနဲ့ပဲ လက်ပံချောင်းဆိပ်ရောက်တော့ အိမ်ပြန်ခရီးကို ဆက်ခဲ့ရပြန်တယ်။ မိချောရင်ထဲတော့ အသွားကလို မပျော်ပေါင်။ ပုဂံမှာ တစ်ခုခုကျန်ခဲ့သလိုလို၊ အာနန္ဒာဘုရားမှာပဲ တစ်စုံတစ်ယောက်ကို ထားခဲ့ရသလိုလို မရေရာတဲ့အတွေးတွေနဲ့ ဘာကိုလွမ်းလို့ လွမ်းမှန်းပင် မသိတော့။ မိချောကတော့ ပုဂံဒေသအနီးမှာ လူဖြစ်ရတာကိုတွေး

mgyoe.com

mgyoe.com SAMPLE BOOK

တိုင်း ကျေနပ်မိပါရဲ့။ အမေကြီးကတော့ မိချောကိုကြည့်ရင်း ဆိုလေတယ်။

"ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့ဆိုတာ ငါ့မြေး မိချောမှ အစစ်ပါအေ" တဲ့။

❑

"မိချော။ ဟဲ့ ကောင်မလေး။ ထတော့အေ့ ညဉ့်တောင်နက်လှပြီ။ အိမ်ထဲ ဝင်ကြရအောင်။ နှင်းမိပြီး ဖျားတတ်နာတတ်ရဲ့"

အမေကြီး အသံကြားမှ မိချော သတိဝင်လာတယ်။ အမေကြီးနဲ့ အမေပန်း တို့ ပြောနေတဲ့ ပြာသိုပွဲအကြောင်းကို စဉ်းစားရင်း၊ ဟိုးငယ်ငယ်က ပြာသိုပွဲလိုက်ခဲ့ ရတာတွေကို ပြန်အောက်မေ့နေရင်း ပတ်ဝန်းကျင်ကို မေ့လျော့နေခဲ့တာကိုး။ ဘေး ကို ကြည့်လိုက်ပြန်တော့မှ အမေပန်းနဲ့ မြပုံတို့တောင် အိမ်ပြန်သွားပြီမှန်း သတိ ထားမိတယ်။ ဟုတ်ပါရဲ့ ဒီနှစ် ပြာသိုပွဲကို မိချောတို့ မနွှဲရတော့ပြီလေ။ တွေးရင်း မုန့်နှာခေါင်းနံ့လေး သင်းလာသလိုလို၊ ကြံသကာနံ့လေး မွှေးလာသလိုလို။ အမေကြီး ကတော့ မိချောကို အိမ်ထဲဆွဲခေါ် ရင်း "အံ့ပါ့အေ။ ကလေးကို အမယ်အိုက ပြန်တွဲ နေရရဲ့" တဲ့လေ။ မိချော မရယ်နိုင်ပါဘူး။

အိမ်ထဲသာ ဝင်လာခဲ့ရတယ်။ စိတ်တွေက မပျော်ပေါင်။

မီးဖိုလေးကတော့ ပြောင်းနှံဖတ် လောင်စာတွေကြောင့် အရှိန်အဟုန် ကောင်းစွာ တောက်လောင်နေဆဲ။ မိချောရင်ထဲမှာလည်း ဘာမှန်းမသိတဲ့ ဝေဒနာ လေးတစ်ရပ်က ကပ်ငြိနေမိရဲ့။ မိချော ကိုယ်တိုင်သာ ကြားနိုင်မယ့် တီးတိုးအသံ လေးကို နွမ်းလျစွာ ဆိုလိုက်မိတယ်။

"ကျန်စစ်သားနဲ့ မဏိစန္ဒာရေ။ ဒီနှစ်ပြာသိုပွဲကို မိချောမလာဖြစ်လို့ မျှော် မနေကြပါနဲ့တော့နော်" လို့။

***28 January, 2021***

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အလွမ်းကွန်ရက်

"ဟဲ့... ကျည်းတန် ကောင်မနှယ်အေ ဖြီးလို့လိမ်းလို့ကို ပြီးနိုင်သယ်မရှိဘူး။ အကျည်းတန် မှန်ကြိုက်တဲ့။ မှန်လွန်းလှချည်ရဲ့"

မိမွှေးရဲ့အော်သံကို ကျည်းတန် ကြားလိုက်တယ်။ ဒါ သူတို့ စိတ်မရှည်နိုင်တော့ဘူးဆိုတာ ကျည်းတန် သိတာပေါ့။ ကျည်းတန်ကလည်း ကျည်းတန်ပါပဲလေ။ ချောင်းထဲ ရေခပ်ဆင်းဖို့ အရေးကို လိမ်းခြယ်နေတာကြာပေါ့ဟာ။

"ပြီးပါပြီအေ။ တကတဲမှ တော်။ စိတ်မရှည်လိုက်ကြတဲ့ ဟာမတွေ"

ကိုင်း... ကျည်းတန်ကပင် ပြန်ကောက်လိုက်ချင်သေးတာ။ ကျည်းတန် အိမ်အပြင် ထွက်လာခဲ့တယ်။ မိမွှေးမျက်နှာ စူအောက်အောက်ကြီးကို ကျည်းတန်က ပြုံးစစနဲ့ ကြည့်ရင်း မိမွှေးကို စလိုက်တယ်။

"ဟဲ့ မိမွှေးမ... ငါ လှရဲ့လားအေ့။ အဟိ"

ကျည်းတန်က သူ့ဘာသာသူ စပြီး သူ့ဘာသာသူ ရယ်သွမ်းသွေးလိုက်သေးတာ။ မိမွှေးကတော့ ကျည်းတန်စကားတောင် မဆုံးသေးဘူး။ မိမွှေးမျက်နှာကြီးက ဖြစ်ပျက်သွားလိုက်တာ။ စိတ်ဆိုးနေတဲ့ မျက်နှာအိုအိုကြီးက မျက်မှောင်ကြီး ကျုံ့သွားရင်း ကျည်းတန်ကို ဒက်ခနဲ မျက်စောင်းထိုးချလိုက်တယ်။

"လှချက်တော့အေ ကောင်မနှယ်။ ဂျုတ်ပင် မှိုတက်ထားတဲ့ အတိုင်းပဲ"

ကျည်းတန်ရဲ့ မျက်နှာမည်းကြီးဟာ မှောင်ကျသွားတယ်။ သနပ်ခါးတွေ

mgyoe.com

mgyoe.com SAMPLE BOOK
ပျစ်နှစ်နေအောင် လိမ်းကျံထားတဲ့ မျက်နှာဖီးဖီးကြီးက တင်းရင်းနေတာပါပဲ။ ဒါကိုပဲ ဂျွတ်ပင်ရဲ့ ပင်စည်မည်းမည်းပေါ်မှာ မှိုတွေ ဖွေးနေသလိုမျိုး၊ ကျည်းတန်ရဲ့ မျက်နှာမည်းကြီးပေါ်မှာ သနပ်ခါးကြမ်းတွေ ဖွေးဖွေးလှုပ်နေတာကို ပြောချင်တာ နေမှာပေ့ါ။ ဒါပေမဲ့ ကျည်းတန်က မိမွေးကို စိတ်မဆိုးပေါင်။ ပြောမနာ ဆိုမနာ သူငယ်ချင်းတွေ မဟုတ်လား။

ရေခပ်လည်း အတူတူ၊ ပျိုးနှုတ်လည်း အတူသွား။ သွေးမရင်းကြပေမယ့် မွေးချင်း ညီအစ်မတွေလိုပါပဲ။ မိမွေး ပြောလည်း ပြောချင်စရာကိုး။ ကျည်းတန်ရဲ့ နေလောင်ထားတဲ့ အသားရေတွေဟာ သပိတ်ရောင်ထမတတ် မည်းညစ်နေတာလေ။ မည်းနေတဲ့ မျက်နှာကြီးပေါ်မှာ သနပ်ခါးကြမ်းတွေကို ပိန်းပိန်းထအောင် လိမ်းထား လိုက်တာမှ ဖွေးနေတာပဲ။ ဒါကြောင့်လည်း မိမွေးက ဂျွတ်ပင် မှိုတက်နေတဲ့အတိုင်း ပဲလို့ ပုံနှိုင်းပြတာပေ့ါ။

ကျည်းတန်နဲ့ မိမွေး ရေအိုးတွေကိုယ်စီကို ခါးစောင်းတင်ရင်း ထွက်လာခဲ့ ကြတယ်။ ချောင်းဆင်း ကမ်းပါးထိပ်ရောက်တော့ ကျည်းတန်တို့ကို စောင့်နေတဲ့ လုံးပုနဲ့ စန်းရီတို့ကို တွေ့ရပြီ။ သူတို့အနားကို ကျည်းတန်တို့ မရောက်ခင်ကတည်းက လုံးပုရဲ့ ထောမနာသံက ကျည်းတန်ရဲ့ နားထဲကို တောင့်တောင့်ကြီး ဝင်လာတယ်။

"လာပါပြီတော် ထသွားစိပ်မ။ သူစောင့်ရသာနဲ့ကို နေစောင်းတော့မယ်"

ကျည်းတန် ပြုံးလိုက်တယ်။ သူတို့က ကျည်းတန်ကို တစ်ယောက်တစ်မျိုး ခေါ်ကြတာ။ အခုလည်း ကြည့်ပ့ါလား။ လုံးပုက ကျည်းတန်ကို "ထသွားစိပ်မ" တဲ့။ ဒါ ကျည်းတန်ရဲ့သွားအလှကို တင်စားလိုက်တာပေ့ါ။

ဟုတ်လည်း ဟုတ်ပါရဲ့။ ကျည်းတန်ရဲ့သွားတွေဟာ ယာထွန်တဲ့ ထွန်သွား ကြီးတွေလိုပါပဲ။ ကျဲကျဲခေါခေါကြီးတွေကိုး။ သူတို့ အဲလိုခေါ်လည်း ကျည်းတန် မခံပြင်းပါဘူး။ သူတို့က ကျည်းတန်ကို ချစ်လို့ခေါ်ကြတာ ကျည်းတန် သိတာပေ့ါ။ တစ်အူတုံမဆင်းကြပေမယ့် သူငယ်ချင်း အရင်းအချာတွေ မဟုတ်လား။

ကျည်းတန် ကမ်းပါးထိပ်ကနေ အနောက်ကို မျှော်ကြည့်လိုက်တော့ နေလုံးကြီးက တောင်စွယ်ကြားမှာ မေးတင်နေပေ့ါလေ။ ကျည်းတန်တို့ ရွာကလေးက သာကြီး တောင်တန်းကြီးကို နောက်ခံပြုထားတဲ့ ရွာကြီးတစ်ရွာပါ။ ရွာအနောက် ဘက်မှာတော့ သဲချောင်းပြင်ကျယ်ကြီးက ဖွေးလို့။ တောင်တန်းတွေဆီမှာ မိုးရွာရင် ဒီသဲချောင်းပြင်ကြီးမှာ ချောင်းကျတာပါပဲ။

သဲချောင်းပြင်ထဲမှာ လက်ယက်ရေတွင်းလေးတွေ၊ ရေငင်တွင်းတွေက
mgyoe.com

mgyoe.com
SAMPLE BOOK

အုံလိုက်ကျင်းလိုက်။ ရွာထဲရှိသမျှသော ကာလသား ကာလသမီးတွေဆိုတာ ညနေစောင်းပြီဆိုတာနဲ့ ချောင်းထဲဆင်း ရေခပ်ကြရတာ။ မိန်းကလေးတွေက ရေအိုးကိုယ်စီ၊ ဆိုင်းထမ်းကိုယ်စီနဲ့ ရွက်ကြ၊ ထမ်းကြသလို ယောကျာ်းလေးတွေကလည်း ရေစည်လှည်းကြီးတွေ တအီအီနဲ့ ရေတင် ရေတိုက်ကြရတာကလား။

"ဟဲ့ ကောင်မတွေ။ ညည်းတို့ သိကြပလားအေ့"

ချောင်းထဲရောက်တော့ ရေတွင်းနားထိုင်ရင်း မိမွှေးက စကားစလာတယ်။ "သိကြပလားအေ့" ဆိုကတည်းက သိစေချင်လို့ဆိုတာ ကျည်းတန် သိသားပဲ။ ကျည်းတန် မိမွှေးကို မျက်စောင်းထိုးချလိုက်တယ်။ ပြောမယ့်အရေးကို မပြောဘဲ အမူပိုနေတဲ့အတွက်ပေါ့။ လုံးပုကလည်း နှုတ်ခမ်းကြီးကို ထော်ထော်ကြီး စူထားတယ်။ ဒီလောက်ဆို မိမွှေး ရိပ်မိပြီ။ သူတို့ ကြားချင်နေတယ်ဆိုတာ မိမွှေး သိနေပြီလေ။

"လာမယ့်အပတ်ကျရင် သာအောင် ပြန်လာတော့မှာတဲ့အေ့"

မိမွှေးရဲ့ သတင်းစကားက ကျည်းတန် ရင်ကို တိုက်ချလိုက်သလိုပါပဲ။ ကျည်းတန်ရဲ့ရင်ထဲမှာ လျှော်လှုပ်လိုက်တာထက်တောင် တုန်ခါသွားတယ်။ နှလုံးသားတွေရော၊ အတွေးတွေရော၊ အားလုံးဟာ အလဲလဲ အပြိုပြိုကိုဖြစ်လို့။

ကျည်းတန် နှုတ်ဆိတ်နေတယ်။ မိမွှေးရယ် လုံးပုရယ် စန်းရီရယ်ကတော့ စကားတွေ ဖောင်ဖောင်ဖွဲ့ မပျက်ကြ။ ကျည်းတန်ရင်ထဲမှာတော့ သာအောင်ဆိုတဲ့ နာမတစ်ခုက ပဲ့တင်ထပ်လို့ နေရပြီ။ ရေအိုးထဲ ရေပြည့်သွားတော့ လက်ထဲက ရေမှုတ်ကလေးကို ရေအိုးထဲ စိုက်နှစ်လိုက်ပြီး အဖေ့ရဲ့ တစ်ပတ်နွမ်းပုဆိုးလေးကို ခေါင်းခုခွေ လုပ်လိုက်တယ်။ စိတ်အစဉ်ကတော့ တောင်စဉ်ရေမရ အတွေးတွေနဲ့ ကယောင်ကတမ်း ဖြစ်နေချေရဲ့။

"မကျည်းတန်...ပြန်တော့မလား။ မကျည်းတန့်ရေအိုးလေး ကျုပ်လှည်းပေါ် တင်လိုက်ပါ့လား။ ကျုပ်တင်ခဲ့ပါ့မယ်"

ကျည်းတန် နောက်ဘက်က အသံကြောင့် ထိတ်ခနဲဖြစ်သွားတယ်။ လှည့်ကြည့်လိုက်တော့ ကျည်းတန်ရဲ့ မျက်နှာကြီးဟာ ငပုပ်ဖမ်းခံလိုက်ရတဲ့ လစန္ဒာပမာ မည်းညို့သွားခဲ့ရပြီ။

"ကောင်မတွေ။ ငါ ပြန်နှင့်မယ်ဟေ့"

ကျည်းတန် ပြောပြောဆိုဆို ရေအိုးကို ကိုယ့်ဘာသာကိုယ် ကောက်ပင့်ရင်း သုတ်ချေတင်ခဲ့တော့တယ်။ မိမွှေးတို့ကတော့ "ဒီကောင်မ ကျည်းတန် ဘာဖြစ်တာ

mgyoe.com

mgyoe.com SAMPLE BOOK
ပါလိမ့်" လို့ တွေးနေကြပေလိမ့်မယ်။ လက်ယက်ရေတွင်းလေးထဲကနေ အပေါ်ကို မော့ကြည့်လိုက်မိကြရင်တော့ ကျည်းတန် ကောက်ကာငင်ကာ ထပြန်ရတဲ့အကြောင်း မှန်ကို သိကြမှာပါ။

ကိုကြံဆစ်ဆိုတဲ့ မင်းကုသကြီးကြောင့် ဆိုတာကိုပေါ့။

❑

"ဘုရားငုတ်တို ရောင်တော်လွှတ်မှ... ပုံတော်ဆင်ဝတ်ကြပါစို့...မောင်ကြီး ရေတော့...အောက်ပြည်ကို လေ့လှော်ထိုး... ပိုးမှာလိုက်တယ်လေလေ့..."

ကျည်းတန် ပျော်လိုက်တာ။ ရင်တွေလည်း ခုန်လှပါရဲ့။ ကျည်းတန်ရဲ့ လက်ထဲက လွန်းပျံကလေးက ကျည်းတန်ရဲ့ စိတ်တွေလိုပဲ မြူးထူးသွက်လက်နေ တယ်။ စိတ်က ရွှင်နေတဲ့အခါ လက်ကလည်း လျင်လှချေရဲ့။ ချစ်ရသူဖို့ ရည်ရွယ်ပြီး ရက်နေတဲ့ ချည်ထည်လေးဟာ ကျည်းတန်မျက်လုံးထဲမှာတော့ တကယ့်ကို မျက်စိ ပသာဒ ရှုမဝဖြစ်နေရတယ်။ ရှားစေးရောင် ချည်ထည်လေးက ကျည်းတန်ရဲ့ စိတ် တိုင်းကျပုံဖော်ထားတဲ့ အကွက်ဆန်း အဆင်ဆန်းလေးကြောင့် တကယ်ပဲ လှလွန်း နေတာကိုး။ အမြိတ်ဆင် ဘောင်တန်းလေးပါ ထည့်ထားတဲ့အခါ အဆင်လေးက ယဉ်သလို၊ အမြင်လေးလည်း ဆန်းလှတယ်။

ကျည်းတန်ရဲ့ မျက်လုံးထဲမှာတော့ ရှားညိုရောင် ချည်ပုဆိုးလေးနဲ့ သာအောင့်ကိုသာ တွဲဖက်မြင်ယောင်နေမိတယ်။ သာအောင်ဆိုတာ ကျည်းတန်တို့ မိဘွေးတို့ရဲ့ ငယ်သူငယ်ချင်းပါ။ ဒါပေမဲ့ ကျည်းတန်ရင်ထဲက သာအောင်နဲ့ပတ်သက်တဲ့ ခံစားချက်တွေကိုတော့ ကျည်းတန်သာ အသိဆုံးပါ။

" ရွှေချည်ငွေချည် တန်းပါလို့... ရက်ကန်းကိုဆင်... တန်းကိုဆင်..."

"ဟဲ့ ကျည်းတန်၊ အမလေးဟဲ့ ငါ့သမီးနှယ့်နော်။ ခေါ်မကြား အော်မကြား အေ"

ကျည်းတန်ရဲ့ သီချင်းသံလေးက ရပ်တန့်သွားတယ်။ ဒါပေမဲ့ ကျည်းတန်ရဲ့ လက်ကလေးတွေကတော့ ဘယ်ပြန်ညာပြန် လွန်းတံလေးကို ခတ်နေဆဲ။ ဒီကနေ့ ပြီးမှ ဖြစ်မှာလေ။ သာအောင်နဲ့ တွေ့တဲ့အချိန် မိဘွေးတို့ထက်ဦးအောင် ကျည်းတန်က လက်ဆောင်ပေးချင်တာလေ။ သာအောင် ကြိုက်မယ်ဆိုတာ ကျည်းတန် သိတာပေါ့။ ထန်းတောတိုက်ရွာ တစ်ရွာလုံးမှာ ကျည်းတန်တို့ ရက်ကန်းစင်ကကျတဲ့ ချည်ထည်က လူကြိုက်အများဆုံး မဟုတ်လား။

"အမေရယ် ကျုပ် မစားသေးဘူး။ အမေ့ဘာသာ စားနှင့်စမ်းပါ။ ကျုပ်ကို
mgyoe.com

mgyoe.com
SAMPLE BOOK

စောင့်မနေပါနဲ့"

ကျည်းတန် မအေဖြစ်သူကိုပင် ပြန်မကြည့်နိုင်။ ရက်ကန်းကိုသာ ဂရုတစိုက် ခတ်နေမြဲ။ ချည်မထုံးအောင်၊ အသားချောအောင်သာ အာရုံစိုက်နေမိတယ်။ အမေကတော့ ဗျစ်တောက်လိုက်အောင် ဆူနေရင်း ထွက်သွားပြီ။

ကျည်းတန်ကတော့ မကြားသလိုပါပဲ။ ချည်ပုဆိုးလေး ပြီးမြောက်ဖို့အရေးကသာ ကျည်းတန့်အရေးလေ။ တစ်ဖက်သတ် ချစ်ရလေသူအတွက် ကျည်းတန်ကိုယ်တိုင် ကြိုးစားပမ်းစား ရက်နေတဲ့ ရှားညိုရောင် ချည်ထည်လေးဟာ မဆန်းပြားလှပါဘူး။ ဒါပေမဲ့ ကျည်းတန်ရဲ့မေတ္တာတရားတွေကတော့ ခမ်းနားလှတာ ကျည်းတန်သာ အသိဆုံး။

ပိုးမကူ ကြာမကူ၊ ဝါချည်ဖြူကိုသာ သုံးထားတဲ့ ရက်ကန်းကျ အထည်လေးကို သာအောင် လက်မခံမှာလည်း ကျည်းတန် စိုးရိမ်မိပြန်တယ်။

"လက်ခတ်သံ လက်ခတ်သံ... ပျိုလေး လက်ခတ်သံ... လက်ခတ်သံ လက်ခတ်သံ... မလေး လက်ခတ်သံ... လက်ခတ်သံ ကျွန်းဖိုသား... သောင်းတိုင်ကကြားသလေလေ့..."

ကျည်းတန်ဆိုနေတဲ့ လက်ခတ်သံ သီချင်းလေးက ရက်ကန်းစင်အနီးမှာ လွင့်လို့ပျံ့လို့။ ကျည်းတန်ရဲ့ ရက်ကန်းစင်လေးဆီက လက်ခတ်သံလေးတွေကလည်း ဒေါင်ဒင်။ ကျည်းတန်ရဲ့ ရင်ခုန်သံတွေကလည်း ဘောင်ဘင်...။

❑

"ယူပါ မိမွေးရ။ ငါ့မှာ နင့်အတွက် တကန်တက ဝယ်လာရတာ။ ငါ စိတ်မဖြောင့်အောင် မလုပ်စမ်းပါနဲ့။ ယူလိုက်စမ်းပါဟာ"

သာအောင့်အိမ်ကို ရောက်ခါနီး လမ်းချိုးအရောက်မှာ ကျည်းတန့်လက်ထဲက ချည်ပုဆိုးလေး လွတ်ကျသွားတယ်။ ရှားညိုရောင် ချည်ပုဆိုးလေးဟာ ဖုန်တွေ အလိမ်းလိမ်းပေကျံကုန်ပြီ။ ကျည်းတန့် လက်တွေ တုန်ရီနေတယ်။ ကြားလိုက်ရတဲ့ သာအောင့် စကားတွေက ကျည်းတန်ရဲ့ နှလုံးသားတွေကို ဆွဲယူချေမွလိုက်သလိုပါပဲ။ ကျည်းတန် ရင်နာလိုက်တာ။

သာအောင့်လက်ထဲမှာ ပွင့်ရိုက်ပါတိတ်လုံချည်လေးတစ်ထည်ကို ကျည်းတန် မြင်လိုက်တယ်။ သာအောင်က အဲဒီလုံချည်လေးကို မိမွေးလက်ထဲ အတင်းထိုးပေးနေတာလေ။ ကျည်းတန်ရဲ့ မျက်လုံးတွေက မြေပြင်ပေါ်က ချည်ပုဆိုးလေးဆီကို ကြည့်လိုက်မိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျည်းတန်ရဲ့ ခန္ဓာကိုယ်လေးကို မန်ကျည်းပင်နဲ့ ကွယ်ထားမိတယ်။ ကျည်းတန်ကို သူတို့ မြင်သွားမှာ စိုးရိမ်လိုက်တာ။ အခုမှ ပြန်ထွက်သွားရင်လည်း သူတို့ ကျည်းတန့်ကို မြင်သွားကြတော့မှာလေ။ ကျည်းတန်ကိုယ်လုံးလေးကို မန်ကျည်းပင် ပင်စည်နဲ့ ကပ်နိုင်သမျှ ကပ်ထားမိတယ်။

သူတို့ စကားတွေကိုတော့ အတိုင်းသားကြားနေရရဲ့။ ကျည်းတန် နားထောင်ချင်လို့ မဟုတ်ပါဘူး။ ကျည်းတန်ကြောင့် သူတို့သာယာမှုတွေ ပျက်သွားမှာကို စိုးလို့ပါ။

"မိမွေး။ ငါ နင့်ကို ဘယ်လောက် လွမ်းနေသတုံးဆိုတာ နင် သိပ့်မလားဟာ။ ငါရဲ့ ခန္ဓာကိုယ်ကြီးကသာ မြို့မှာရှိနေတာဟ။ ငါ့ရဲ့ နှလုံးသားတွေကတော့ ထန်းတောတိုက်ရွာလေးက နင့်ဆီပဲ အမြဲရောက်နေတာပါဟာ"

ကျည်းတန် ကိုယ်လုံးလေးဟာ တောင့်မတ်နေတယ်။ ဒါပေမဲ့ ကျည်းတန်ရဲ့ စိတ်တွေကတော့ အလဲလဲ အကွဲကွဲ ဖြစ်ရပါပြီ။ ကျည်းတန် ငိုချင်လိုက်တာ။ ရုပ်ဆိုးမကြီး ကျည်းတန် ငိုချင်လိုက်တာများလေ။

ကျည်းတန် ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြမိတယ်။ အမြဲတမ်း မာကျောခဲ့တဲ့ ကျည်းတန့်စိတ်တွေဟာ ဘာလို့များ ဒီလောက်ထိအောင် ပျော့ညံ့သွားရတာတဲ့လဲ။ အချစ်က ခံစားမှုတွေကို အဲလောက်တောင် ညွတ်ပျောင်းစေသတဲ့လား။ ရတာမလိုလိုတာမရတဲ့ သဘောရှိတဲ့ လောကကြီးထဲမှာ ကျည်းတန်တို့လို တစ်ဖက်သတ်တွေက ရှုံးရတာတဲ့လား။ ကျည်းတန် မန်ကျည်းပင်စည်ကြီးကို မှီထားလိုက်တယ်။ တစ်ကိုယ်လုံးမှာ ရှိသမျှ အားအင်တွေဟာ စုပ်ယူခြင်းခံထားရသလို နုံးချည့်နွမ်းလျနေတော့တယ်။ အသက်ရှူသံကလည်း ကိုယ်တိုင်ပင် ပြန်ပြီး ကြားရလောက်ပါရဲ့။

"ငါလေ ဝါဆိုပွဲကိုပဲ မျှော်နေမိတာဟ။ ဝါဆိုပွဲရောက်မှ ငါ ရွာပြန်ခွင့်ရမှာလေဟာ။ ဝါဆိုပွဲ နီးလာလေ ငါ့စိတ်တွေ လှုပ်ရှားလာလေပဲ။ နင့်ကို တွေ့ချင်တဲ့ စိတ်တွေက မရိုးမရွ ဖြစ်လာလေပေါ့"

ထန်းတောတိုက်ရွာလေးမှာ နှစ်စဉ် ဝါဆိုလရောက်တိုင်း ရွာဘုရားပွဲကို ကျင်းပလေ့ရှိကြတယ်။ ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်နဲ့ဆိုသလိုပဲ စည်တန်သလောက် စည်ကားပါရဲ့။ တစ်နယ်တစ်ကျေးကို ရောက်နေတဲ့ ရွာသူရွာသား အားလုံးလိုလိုဟာ ဝါဆိုပွဲကျမှ ရွာပြန်လာကြတာကိုး။

ဝါဆိုပွဲလေးကို မျှော်မိတဲ့အထဲမှာ ကျည်းတန်က ထိပ်ဆုံးကပါ။ သာအောင့်ကို တွေ့ချင်တဲ့ စိတ်တွေကြောင့် ဝါဆိုပွဲကိုရောက်ဖို့ လက်ချိုးရေတွက်ခဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

ရတာ မဟုတ်လား။ တစ်နှစ်ပတ်လုံး မျှော်ခဲ့သမျှ အခုတော့ လွမ်းဖို့ဖြစ်လာချေပြီ ထင်ပါရဲ့။

သာအောင်နဲ့ မိမွေး ခွဲထွက်သွားကြပြီ။ သာအောင်လည်း အိမ်ထဲဝင်သွားပြီ ထင်ပါရဲ့။ မိမွေးလက်ထဲပါသွားတဲ့ ပါတိတ်ထည်လေးကတော့ ကျည်းတန့်ကို လှောင်ပြနေသလိုပါပဲ။ မြေပြင်ပေါ်က ချည်ပုဆိုးလေးကို ကျည်းတန် ကောက်ယူလိုက်တယ်။ ပုဆိုးလေးမှာ ကပ်ငြိနေတဲ့ ဖုန်တွေသဲတွေကိုတော့ ကျည်းတန် မခါမိပါဘူး။ ခါဖို့လည်း အမှတ်မရပါဘူး။ ရင်ထဲမှာ နာကျင်ခြင်း၊ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်းတို့ကလွဲပြီး အခြားသောအသိတို့ ရှိမနေကြတော့။ ပုဆိုးလေးကိုတော့ ရင်အစုံမှာ အပ်ထားမိတယ်ထင်ပါရဲ့။

"ရွှေပြည်တော် မျှော်တိုင်း ဝေးရပြီလား သာအောင်ရယ်"

❑

"ကျည်းတန်တို့၊ မိမွေးတို့ရေ လာကြဟေ့... စန်းရီမရေ ဒီမှာ ခင်ဘုတ်ပန်းတွေ ဖွေးနေတာပဲဟေ့"

လုံးပုရဲ့ အော်သံစူးစူးလေးဟာ တောင်ကုန်းထက်ဆီမှာ လွှမ်းနေတယ်။ အပျိုတစ်သိုက်က လုံးပုရှိရာဆီ တရုန်းရုန်း ပြေးကြတော့တယ်။ လူပျိုတွေကလည်း တအုန်းအုန်း လိုက်ကြပြန်တယ်။

ဒီနေ့ ဝါဆိုလပြည့်နေ့လေ။ ကျည်းတန်တို့ရွာမှာ ရှိသမျှသော ကာလသားကာလသမီးတွေ အားလုံးဟာ ဝါဆိုလပြည့်နေ့ရောက်တိုင်း ရွာအနောက်ဘက်က တောင်ရိုးခြေသွားပြီး ဝါဆိုပန်း ခူးကြတာရယ်။ လူပျို အပျိုလေးတွေ ဆိုတာများ တပြုံးပြုံး တပျော်ပျော်ရှိကြတဲ့ အခါသမယပေါ့။ ဟိုတစ်စု သည်တစ်စုနဲ့ ပျော်စရာကောင်းလွန်းလှတယ်။ အပျိုမတွေတစ်သိုက်လည်း လုံးပုဆီကို ပြေးသွားကြတယ်။ ကျည်းတန်ကတော့ လိုက်မသွားဖြစ်ပါဘူး။ ဒဟတ်ပင်ကြီးအောက်မှာ တစ်ယောက်တည်း ကျန်နေခဲ့ရင်း ဒဟတ်ပန်းတွေကိုသာ ခူးနေမိတယ်။ နံ့သာကျံ ဝါဖန့်နွှောသည့် ဒဟတ်ပွင့် ဖြူဖြူကလေးတွေက ပင်ယံထက်မှာ ဝေလို့။ တချို့ကျပြန်တော့လည်း ကမွလာမြေအခင်းမှာ ကြွေဆင်းနေကြရှာပြီကော။

"မကျည်းတန်"

ကျန်းတန်ရဲ့ကိုယ်လုံးလေး တုန်သွားတယ်။ နောက်ဘက်ကို လှည့်ကြည့်လိုက်တော့ လက်ထဲမှာ ရှောက်ရိုင်းပန်းတွေ တစ်ပွေ့ကြီးနဲ့ ကိုကြံဆစ်ရယ်ပါ။

"မကျည်းတန်။ ရော့ ရှောက်ရိုင်းပန်းတွေ၊ မကျည်းတန်အတွက် ကျုပ်ခူး

mgyoe.com

mgyoe.com SAMPLE BOOK

လာတာ"

ကိုကြံဆစ်က ရှောက်ရိုင်းပန်းတွေ တစ်ပွေ့ကြီးကို ကျည်းတန့်ဆီ ကမ်းပေးနေတယ်။ ဒါပေမဲ့ ကျည်းတန် မယူမိပါဘူး။ ရှောက်ရိုင်းပန်းရနံ့တွေက ကျည်းတန့်နှာခေါင်းဝမှာ ချိုအီသင်းပျံ့လို့နေတယ်။

"ကျုပ် မယူချင်ဘူး ကိုကြံဆစ်။ တော့်ဟာတော်ပဲ ဘုရားကပ်ချင်ကပ်။ မကပ်ချင်လည်း တခြားသူပေးပစ်လိုက်ပါ"

ကိုကြံဆစ်မျက်နှာကြီးက ပိုပြီး အိုစာသွားသယောင် ထင်ရတယ်။ နဂိုကမဖြူတဲ့အသားတွေဟာ နေလောင်ဒဏ်ကြောင့် နီရဲညိုညစ်နေတာပါပဲ။ ဂင်တိုတိုပုကွကွနဲ့ ကိုကြံဆစ်ရဲ့အသွင်အပြင်ဟာ ကျည်းတန် အဖို့တော့ ဘယ်လိုမှ နှစ်သက်ချင်စရာမရှိပါဘူး။ ကျည်းတန်တို့က ကိုယ်သာ ရုပ်ဆိုးချင်ဆိုးလိမ့်မယ်။ ကိုကြံဆစ်လို လူမျိုးကိုတော့ ယောင်လို့တောင် ခေါင်းထဲမထည့်မိဘူး။

ကိုကြံဆစ်က ကျည်းတန်ထက် လေးနှစ်လောက်ပိုကြီးတယ်။ ကျည်းတန်က လာမယ့် ဝါခေါင်လထဲမှာ သုံးဆယ့်နှစ်နှစ် လုံးတော့မှာမဟုတ်လား။ ကျည်းတန်က အသက်ချင်းလည်းမတူ၊ လူရွယ်ချင်းလည်း မမျှတဲ့ ကိုကြံဆစ်ကို အိမ်ထောင်ဖက်အဖြစ် ဘယ်လိုမှ စဉ်းစားလို့ မရပေါင်။ ကျည်းတန့်ရင်ထဲမှာတော့ သာအောင်ကလွဲရင် ဖွဲနဲ့ ဆန်ကွဲပါပဲ။

"ဟ... ကျည်းတန်။ ညည်းတို့က ဒီမှာလာပြီး သာယာနေလိုက်ကြတာဟာ။ ဝါဆိုပန်းလာခူးတယ်ဆိုပြီး ကိုကြံဆစ်ကြီးနဲ့ ချိန်းတွေ့နေတာပေါ့လေ"

ကျည်းတန်ရဲ့ မျက်နှာမည်းကြီးဟာ ဖြန်းခနဲ ရဲတက်သွားတယ်။ ရှက်စိတ်တွေက မွန်ပြီး ရင်ထဲမှာ ထူပူနေတာပါပဲ။ သာအောင် ဘယ်ကနေ ဘယ်လိုများရောက်လာပါလိမ့်။ ကိုကြံဆစ်ရဲ့မျက်နှာကြီးကတော့ ဖြီးလို့။ ကျည်းတန် ဒေါသထွက်လိုက်တာ။ အဲဒါ ကိုကြံဆစ်ကြောင့်။

"မိမွေးတို့ ဘယ်မတုံး ကျည်းတန်ရ။ ငါလည်း ဆရာတော်က ခေါ်ပြီးခိုင်းနေတာနဲ့ နောက်ကျသွားတာ"

သာအောင် စကားပြောနေချိန်မှာ ကိုကြံဆစ်က ကျည်းတန့် လက်ထဲရှောက်ရိုင်းပန်းတွေ အတင်းထိုးပေးတယ်။ ကျည်းတန်လည်း ကယောင်ကတမ်းနဲ့ယူလိုက်မိတယ်။ ကျည်းတန် သာအောင့်ကို ဘယ်လို ရှင်းပြရမှန်းတောင် မသိတော့ပါဘူး။ သာအောင့် ရှေ့မှာမှ အယောင်ယောင် အမှားမှားတွေ ဖြစ်နေမိချေရဲ့။ ကိုကြံဆစ်ကတော့ ထွက်သွားပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

"မိမွှေးတို့ ဟိုဘက်လှိုထဲ ဆင်းသွားကြတယ်။ ခင်ဘုတ်ပန်း သွားခူးတာတဲ့။ လုံးပုတို့၊ စန်းရီမတို့ရော ပါသွားတယ်။ တခြားသူတွေရောပဲ"

သာအောင်က ဟိုးအောက်ဘက်လှိုထဲ လှမ်းမျှော်ကြည့်နေတယ်။ မိမွှေးတို့၊ လုံးပုတို့ရဲ့ အသံကျွက်ကျွက်လေးတွေကိုတော့ သဲ့သဲ့ကြားနေရဆဲ။ ကျည်းတန်မှတ်မိသလောက်ဆို သာအောင် ဒီတောင်ရိုးကို မရောက်တာ ကြာလှပါပြီ။ မြို့မှာလေးနှစ်လောက် အောင်းနေလိုက်ကတည်းက ဝါဆိုပွဲနဲ့ လွဲခဲ့ရတယ်။ ကျည်းတန်နဲ့လည်း ဝေးခဲ့ရတာပေါ့လေ။ အခုတော့ သာအောင်ချစ်တဲ့ရွာ၊ သာအောင်ချစ်တဲ့တောင်ရိုး၊ သာအောင် မြတ်နိုးတဲ့ ဝါဆိုပွဲနွဲရပြီလေ။ သာအောင် ချစ်တဲ့ မိမွှေးနဲ့အတူနွဲရပါပြီကော။

ကျည်းတန် စီကောင်းတောင်တန်းကြီးကို ငေးကြည့်လိုက်မိတယ်။ တောင်ရိုး တစ်တန်းလုံး စိမ်းညို့နေတာပါပဲ။ ဟိုး ခပ်ဝေးဝေးက တောင်စွယ်တန်းတွေကတော့ ပြာလဲ့လဲ့။ သည်တောင်ရိုးဟာ ကျည်းတန်တို့ရွာလေးရဲ့ အသက်သွေးကြောလို့တောင် ပြောလို့ရပါတယ်။

"ငါ လိုက်သွားဦးမယ် ကျည်းတန်။ နင် မလိုက်တော့ဘူးလား"

ကျည်းတန် ခေါင်းလည်း မခါမိသလို ခေါင်းလည်း မညိတ်ဖြစ်ပါဘူး။ ကိုယ်ချစ်ရတဲ့သူက သူချစ်ရတဲ့သူဆီကို သွားမယ့်အရေးမှာ ကျည်းတန် ဘယ်လိုအင်အားနဲ့ လိုက်ရပ့ါ။

"မလိုက်တော့ဘူး သာအောင်။ ငါ ဒီနားကပဲ စောင့်နေတော့မယ်။ ရော့ ဒီမှာ နင့်အတွက် ငါကိုယ်တိုင် ရက်ထားတဲ့ ပုဆိုးလေး"

ကျည်းတန် လွယ်ထားတဲ့ ပုဆိုးစလွယ်ထဲက ရှားညိုရောင် ပုဆိုးခေါက်ကလေးကို ထုတ်ပြီး သာအောင့်ဆီ ကမ်းပေးလိုက်တယ်။ မျက်လုံးတွေကတော့ သာအောင့်ကို မကြည့်မိဘူး။ ကျည်းတန့်ရင်တွေ ခုန်နေသလို လက်တွေကလည်း တုန်ချင်နေသည်။

"ပိုင်လိုက်တာဟာ။ ဝတ်ရချည်သေးရဲ့"

သာအောင်က ပုဆိုးလေးကို ယူလိုက်ရင်း နှုတ်ဆက်ပြီး ထွက်သွားပြီ။ ကျည်းတန် တစ်ယောက်တည်း ငူငူငိုင်ငိုင်ကြီး ကျန်နေရစ်ခဲ့တယ်။ တစ်ဖက်ကတွေးတော့လည်း ကျည်းတန်ပေးတဲ့ ပုဆိုးလေးကို ကြည်ကြည်ဖြူဖြူ လက်ခံပေးတဲ့အတွက် ကျည်းတန် ဝမ်းသာရပါရဲ့။ သူ မယူချင်လို့ ငြင်းမယ်ဆိုလည်း ကျည်းတန်က ဘာများ တတ်နိုင်မှာတဲ့တုံး။ ကျည်းတန့် ရင်ထဲမတော့ ဝမ်းသာ ဝမ်းနည်းစိတ်တွေက

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ချည်လှန်ချည် လွန်းပျံထိုးနေကြလေရဲ့။

❑

"ကျည်းတန် ငါ့သမီး။ ကြံဆစ်အိမ်က လူကြီးတွေ အစ်မဆီ လာသွားတယ်တော့်။ ညည်းကို ကြံဆစ်နဲ့ မြန်းချင်လို့တဲ့အေ"

ကျည်းတန် ဟ္မာယာခတ်သွားတယ်။ စိတ်ထဲကလည်း ထောင်းခနဲ ဖြစ်သွားတယ်။ ကာယကံရှင်ဖြစ်တဲ့ ကျည်းတန်ကဖြင့် သူတို့သား ကြံဆစ်ကို တစိုးတစိတောင် စိတ်ဝင်စားတာ မဟုတ်ရဘဲနဲ့။ သူတို့က ဘောင်ကျော်လိုက်တဲ့ ဟာတွေ။ ဒါဟာ ကိုကြံဆစ်ရဲ့ စနက်ပဲ ဖြစ်မှာပေါ့။

"ဘယ့်နှယ့် အမေရယ်။ ကြံကြီးစည်ရာတော်။ ကျုပ်ကဖြင့် သူတို့သားကို လှည့်တောင်ကြည့်ချင်သာ မဟုတ်ဘူး။ သူတို့မို့လို့တော်"

ကျည်းတန်စိတ်ထဲ တန့်နှံ့ဖြစ်နေရတယ်။ အမေကျော် ဒွေးတော်လွှမ်းလိုက်တဲ့ဟာတွေ။ ကာယကံရှင်ကို ဘယ့်နှယ့်မှ မမေးမမြန်းဘဲနဲ့ လုပ်ချင်ရာ လုပ်လိုက်ကြတာ။

"ဟဲ့... ရှင်ကျည်းတန်။ ညည်းနှယ်အေ ကြီးကြီးကျယ်ကျယ် နိုင်လိုက်တာဟဲ့။ ကြံဆစ်က ရုပ်ရည်သာ ပုံမလာတာပါအေ့။ အလုပ်များတော့ ခါးချိုးပြီး လုပ်တဲ့ကောင်ပါအေ"

အမေက သမီးဖြစ်သူကို ဖျောင်းဖျလို့ မရနိုင်မှန်းသိတော့ ကျည်းတန်ကို ဆူချင်လာတော့တယ်။ ကျည်းတန်ကလည်း ဒါမျိုးတော့ မခံနိုင်ပါဘူး။ ဒါမျိုးလက်ခံလိုက်ရင် တစ်သက်လုံး စိတ်ဆင်းရဲရတော့မှာ။ မရှိတာ ရှာစားလို့ရရဲ့ တစ်သက်လုံး စိတ်ဆင်းရဲနေရမယ့် အလုပ်တော့ ကျည်းတန်တို့က ကုပ်မနေနိုင်ဘူး။

"အမေ့နှယ်တော်။ ကိုယ့်သမီးကိုများ ဟင်းရွက်ကန်စွန်းလို အတင်းထိုးသိပ်ချင်နေသာလားတော့်။ အဲသလောက် ပေးစားချင်နေရင်လည်း တူတူတန်တန်များ ရှာကြံပေးပါတော့လား"

ကျည်းတန်က နှုတ်လှန်ထိုးတော့ အရီးမယ်ရင်က မျက်မှောင်ကြီးကျုံ့သွားသည်။ "ငါမွေးလို့ ငါ့သမီးဖြစ်လာတဲ့ ရှင်ကျည်းတန်ကအေ" ဆိုတဲ့ ပုံစံနဲ့။

"ရှင်ကျည်းတန်ရယ်။ တန်ရာတန်ရာ ရတော့မပေါ့ဟဲ့။ ညည်းက ဘယ်လောက်တောင် ပြစ်မျိုးမှဲ့မထင် လှနေလို့တုံး။ တကတဲမှတော် အရိုးများသလေး၊ ချေးခါးသလေးနဲ့"

ကျည်းတန် ဆွေ့ဆွေ့ခုန်ရပါပြီ။ အမေ့နှယ်နော် ကိုကြံဆစ်ကို မယူတာ

mgyoe.com

mgyoe.com
SAMPLE BOOK

နဲ့ပဲ သမီးဖြစ်သူကို ချိုးလိုက်ဖဲ့လိုက်တာ။

"မှတ်ထားအေ့။ သေးလွန်းတော့ မလှ၊ ရွေးလွန်းတော့ မရတဲ့။ ညည်း အဲလိုသာ ဂျီးများနေ ငါမရှိမှ ဒုက္ခရောက်မယ်မှတ်"

ကျည်းတန် ပြန်မပြောသာတော့ပြီ။ ပြန်ပြောလည်း မအေကို မချေပနိုင်ပါဘူး။ အမေတို့များ စာသာမတတ်တာရယ် စကားပြောများ ကြွယ်ချက်ကတော့ ချက်ကျလက်ကျ ပြန်ပြီး ချေပတတ်တာရယ်။

ကျည်းတန် နှုတ်ခမ်းကြီးကိုသာ ထော်ထားလိုက်တယ်။ ဒီနည်းနဲ့ ဆန္ဒပြရုံပဲ တတ်နိုင်တော့တာ မဟုတ်လား။ ဒီမအေ၊ ဒီသမီးရယ်လို့ နှစ်ယောက်အတူနေခဲ့ကြတဲ့ ကာလပတ်လုံး ကျည်းတန် မနာခံခဲ့ဘူးဆိုတာ ရှိတာမှတ်လို့။ ခုကတော့ ကျည်းတန် ငြင်းရမယ်။

"လင်ကုန်ရှုံးတော့ တစ်သက်လုံး မှောက်သတဲ့ အစ်မရေ" လို့သာ အော်လိုက်စမ်းချင်ရဲ့။

❑

"သာအောင် ငါ့ညီ။ ကျည်းတန် ပေးတဲ့ ပုဆိုး ငါ့ ပြန်ရောင်းစမ်းကွာ။ မင်း တောင်းသလောက် ပေးစမ်းပါ့မယ်"

ကိုကြံဆစ် မနေနိုင်တော့ဘူး။ သာအောင်နဲ့ တွေ့တုန်း ဒီပုဆိုးကို အရဝယ်ရမယ်။ တောင်ရိုးပေါ်မှာ ဝါဆိုပန်းခူးရင်း ကျည်းတန်ပေးလိုက်တာ မြင်ထားကတည်းက ကိုကြံဆစ် လိုချင်နေခဲ့တာပါ။ ကျည်းတန်ရဲ့ မေတ္တာ စေတနာတွေနဲ့ ရက်ထားတဲ့ ဒီပုဆိုးကို ကိုကြံဆစ် ဝတ်လိုက်ချင်စမ်းရဲ့။ ချစ်ရသူရဲ့ လက်ကျပုဆိုးမို့ အမြတ်တနိုးရှိလှတယ်။ ဒါပေမဲ့ ကိုကြံဆစ် အဖြစ်က 'တန်ခိုးကြီးတော့ ညောင်ပင်၊ စားတော့သရဲ' ဆိုတဲ့ ကိန်းမျိုး မဟုတ်လား။

"ကိုကြံဆစ်ရာ ဝယ်စရာလားဗျာ။ ခင်ဗျားလည်း ဝယ်စရာ မလိုသလို ကျုပ်လည်း ရောင်းပါဘူးဗျ။ ခင်ဗျားလိုချင်ရင် ကျုပ်အိမ်လိုက်ယူလှည့်"

ကိုကြံဆစ် ဟာခနဲ ဖြစ်သွားမိတယ်။ ချစ်ရသူ့ လက်ကျထည်လေးကိုရဖို့ ဒီလောက် လွယ်ကူလိမ့်မယ်လို့ မထင်ခဲ့မိဘူးလေ။

"သာအောင်၊ မင်း တကယ်ပြောနေတာလားကွာ"

ကိုကြံဆစ် အသံတွေပင် တုန်နေခဲ့တယ်။ မကျည်းတန်ရဲ့ လက်ကျထည်ကို ဝယ်ဝတ်လို့ရပေမဲ့ အခုလို စေတနာမေတ္တာတွေအပြည့်နဲ့ ရက်ထားတဲ့ အထည်မျိုးကျတော့ ကိုကြံဆစ် ဘယ်လိုများ ရနိုင်ပါ့မတုံး။ ပြီးတော့ ကျည်းတန် ကိုယ်တိုင်

mgyoe.com SAMPLE BOOK

အမြတ်တနိုးရက်ထားတဲ့ အထည်လေးကို တခြားသူဆီမှာ ရှိမနေစေချင်တာလည်း ပါတာပေါ့လေ။

"တကယ်ပေါ့ ကိုကြံဆစ်ရ။ ညနေကျ လာယူလှည့်ဗျာ။ ဩော်... ဒါနဲ့ ကျုပ်မင်္ဂလာဆောင်ကျရင်တော့ ခင်ဗျား လာကူလှည့်ဦး။ ထင်းခုတ်ကတည်းက ခင်ဗျား ပါရမှာ"

ကိုကြံဆစ် ဇဝေဇဝါ ဖြစ်သွားမိတယ်။ သာအောင့်မှာ ရည်းစားရှိတယ်တော့ မကြားမိခဲ့ဘူး မဟုတ်လား။ သာအောင်ကလည်း ကိုကြံဆစ်ရဲ့ ဟန်ပန်ကိုကြည့်ပြီး သဘောပေါက်ပုံရပါရဲ့။

"ကိုကြံဆစ် ရ။ ကျုပ်က မိမွှေးနဲ့ ယူတော့မှာဗျ။ အစကတော့ ရှေ့နှစ် လောက်မှ တောင်းဖို့ပါပဲဗျာ။ ကျုပ်လည်း မစောင့်နိုင်တော့တာနဲ့ ချက်ချင်း စီစဉ်ဖြစ်သွားတာဗျ"

ကိုကြံဆစ် အခုမှ ဟင်းချနိုင်တော့တယ်။ မျက်လုံးထဲမှာ သာအောင့်ကို ပုဆိုးပေးနေတဲ့ ကျည်းတန်ရဲ့ပုံရိပ်တွေကို ပြေးမြင်မိသွားတာကိုး။ ကိုကြံဆစ် ပြုံးလိုက်မိတယ်။ ပြီးတော့ သက်ပြင်းခိုးတစ်ချက် ထပ်ချလိုက်မိပြန်တော့တယ်။

သည်အဖြစ်တွေကိုတော့ ကိုကြံဆစ် ချစ်ရတဲ့ ကျည်းတန်လေး ဘယ်သိနိုင်လိမ့်မတုံးလေ။

❑

"ကွယ်လေးရဲ့ မင်းပဝါ... ဒေါင်းရုပ်စုံပါ... ဒေါင်းရုပ်ပါ လူပျိုပေးလို့... ဆိုလိမ့်မယ်လေး..."

ကျည်းတန် ရင်ထဲ နင့်နေတယ်။ သာအောင်နဲ့ မိမွှေးရဲ့ မင်္ဂလာသတင်းက ကျည်းတန်ရဲ့နားထဲမှာတော့ သံရည်ပူတွေ လောင်းချခံလိုက်ရသလိုပါပဲ။ နှလုံးသားကို အပ်အစင်းပေါင်း များစွာနဲ့ ထိုးဆွလိုက်သလို ခံစားရတယ်။ မဆွတ်ခင်က ညွှတ်ခဲ့မိလေတာ ကျည်းတန့် အပြစ်ပါပဲလေ။ ကျည်းတန် ဘာများတတ်နိုင်ပါ့မတုံး။ ကျည်းတန် ရက်ကန်းစင်ထက်မှာ ထိုင်နေမိတယ်။ ကျည်းတန်စိတ်တွေ လေးလံနေတယ်။ ရင်ထဲမှာလည်း ဘယ်လို ပျော်နိုင်ပါ့တုံး။ ကျည်းတန်ရဲ့ လက်ထဲက လွန်းတံလေးကလည်း ကျည့်တန့်စိတ်လိုပါပဲ။ လေးလံနှေးကွေးစွာ ပြေးနေလေရဲ့။

"ပျိုလေးရက်တဲ့ ရက်ကန်းစင်... ဘာဆင်လို့မေး...မေးပါနဲ့အေ... ပဆစ် အိမ်ကွက်စုံခင်းတယ်... တင်းတိမ်တဲ့လေး"

ကျည်းတန် သာအောင်နဲ့ မိမွှေးကို လက်ဖွဲ့ဖို့အတွက် ချည်စောင်ရက်နေ

mgyoe.com

mgyoe.com SAMPLE BOOK

တာပါ။ စောင်လေးက အရောင်အသွေးစုံသလို ကွက်တုံးလေးတွေကလည်း ဆန်းလှတယ်။ ချစ်ရသောသူနဲ့ ချစ်သူငယ်ချင်းတို့ရဲ့ မင်္ဂလာဦးအတွက် ကျည်းတန် တတ်ထားသမျှ အတတ်နဲ့ လက်ဖွဲ့လိုက်စမ်းပါရစေတော့။

ကျည်းတန့်လက်တွေ မြန်လာတယ်။ လွန်းတံကလေးကလည်း သွက်လာပြန်တယ်။ ဒါပေမယ့် ကျည်းတန့် ပါးထက်က ပါးကွက်ကျားကြီးပေါ် မှာတော့...။

❑

"ဟဲ့... ကျည်းတန် ညည်းနှယ်အေ။ ပြီးတဲ့အထိတော့ ကူညီသွားဦးမှပေါ့။ ငါ့မင်္ဂလာပွဲကို ညည်းတို့မှ မကူရင် ဘယ်သူ ကူမတုံးအေ"

မိမွှေးရဲ့စကားသံက ကျည်းတန်ကို တုံ့ဆိုင်းသွားစေတယ်။ ကျည်းတန် မိမွှေးကို တစ်ချက်ကြည့်လိုက်တယ်။ လှလိုက်တာ၊ မိမွှေး လှနေလိုက်တာ။ ဒီနေ့ မိမွှေးက အခါတိုင်း တွေ့နေကျ မြင်နေကျ မိမွှေးမှ မဟုတ်တော့ဘဲလေ။

"ဟုတ်ပ့ါ ထသွားစိပ်မရယ်။ ညည်းကလည်း ဆိုတော့၊ သိမ်းဆည်းပြီးမှ ပြန်"

လုံးပုကလည်း တားရှာပါတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ကျည်းတန် ဘယ်လိုအင်အားမျိုးနဲ့ ဆက်နေရပ့ါမတုံး။ ကြာကြာဆက်နေရရင် ကျည်းတန့်ရဲ့ နှလုံးသွေးတွေ ရပ်သွားမလားတောင် ထင်ရပါရဲ့။

"ငါ နေမကောင်းလို့ပါအေ။ ငါ ဆက်နေလို့ ဘယ်လိုမှ မဖြစ်လို့ပါ။ ငါ ညည်းနဲ့ သာအောင့်ဖို့ ချည်စောင်လေး ရက်ထားတယ် ရော့။ ငါ ပြန်ပြီအေ"

ကျည်းတန် ထွက်လာခဲ့တယ်။ ရင်ထဲမှာ နွမ်းလျနေတယ်။ တစ်ဖက်က ချစ်ရသူ၊ တစ်ဖက်က အတူနေ၊ အတူသွား၊ အတူစား သူငယ်ချင်း။ တကယ်တော့ ကျည်းတန် ဝမ်းသာပေးနေရမှာလေ။ ဒါပေမဲ့ ကျည်းတန် ရင်ထဲမှာတော့ ဗလောင်ဆူနေတာပါပဲ။ ကျည်းတန်အိမ်ကိုလည်း မပြန်ချင်သေးဘူး။ ကျည်းတန်ရဲ့ ခြေလှမ်းတွေက ရွာအနောက်ဘက်က သဲချောင်းပြင်ကြီးဆီကို ဦးတည်နေမိတယ်။ ခြေလှမ်းတွေက တရွေ့ရွေ့။ ကျည်းတန့်ရင်ထဲမှာလည်း တမြေ့မြေ့ပါပဲ။

ချောင်းထိပ်က ကမ်းပါးကြီးပေါ် မှာ ကျည်းတန် ထိုင်ချလိုက်တယ်။ ကမ်းပါးမြင့်မြင့်ကြီးထက်မှာ ကျည်းတန် တစ်ယောက်တည်းရယ်ပါ။ ကျည်းတန် ချုံးပွဲချငိုမိတော့တယ်။ သာအောင်နဲ့ ဘာမှမပတ်သက်ခဲ့တဲ့ ကျည်းတန်က ဘယ်လို ခံစားချက်တွေနဲ့များ ဖွင့်ဟလို့ ရပ့ါမတုံးလေ။

"အကျည်းတန်မို့များ အထီးကျန်ခဲ့ရတော့တာလား သာအောင်ရယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ကျည်းတန့် နှုတ်ဖျားဆီက အသံလေးက ခပ်ဖွဖွ ထွက်ကျလာတယ်။ ပြီးတော့ ကျည်းတန်ရှိုက်ကြီးတငင် ငိုမိတော့တယ်။ ဘယ်သူ့ကိုမှ ဖွင့်ဟပြလို့မရတဲ့ အကျည်းတန်မတစ်ယောက်ရဲ့ ဝေဒနာတွေကို သဲချောင်းပြင်ကြီးကို သက်သေပြုရင်း ငိုကြွေးပါရစေတော့။

ကျည်းတန်တစ်ယောက်တည်း အရှုံးကြီး တစ်ယောက်လိုပါပဲ။ ဒါပေမဲ့ ကျည်းတန့်ရဲ့ ဟိုးနောက်နား ခပ်လှမ်းလှမ်းဆီမှာ ရှားညှိုရောင် ချည်ပုဆိုးလေးတစ်ထည် ရှိနေတာကိုသာ ကျည်းတန် သိခဲ့ရင်ပေါ့လေ။

***15 February, 2020***

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ရောင်နီဦးမှာပြုံတဲ့ ဆည်းဆာ

"ဆရာ၊ ချစ်စုမက စာမရေးဘဲ ငေးနေပြန်ပြီ။ သမီးစာရေးနေတာကိုလည်း သူ့လက်နဲ့ လာတွန်းပြီး ရေးမရအောင် လုပ်နေတာ။ ပြီးတော့ သူ့ကို ဘယ်သူကမှ မလုပ်ဘဲနဲ့ ငိုလည်း ငိုနေတာ"

မိန်းကလေး နောက်ဆုံး အတန်းထဲက သင်းသင်းအိရဲ့ တိုင်တန်းသံက ကျွန်တော့်နားစည်ကို ရိုက်ခတ်လာတယ်။ အတိုင်ခံရသူက ချစ်စုမ။ ချစ်စုမဟာ သူငယ်တန်းတစ်တန်းလုံးရဲ့ အမွေစိန်။ သူကလေးက ကျွန်တော် တာဝန်ကျတဲ့ရွာရဲ့ အနောက်ဘက်မှာရှိတဲ့ အုတ်ဖိုထဲက အုတ်လုပ်သားတစ်ဦးရဲ့ကလေး။ မိဘများက အုတ်လုပ်သားများပီပီ ပုံမှန်အလုပ်လေးရှိတာကလွဲလို့ စားဝတ်နေရေး ချောင်လည် လှတယ်တော့ မဟုတ်ဘူး။ ဒီတော့လည်း ပုံမှန်အလုပ်ရှိရာ အုတ်ဖိုလေးမှာ တွယ် ကပ် လုပ်ကိုင်ရင်း ဒီရွာခြေမှာ မြဲခဲ့ရတာပေါ့။ ချစ်စုမလေးကိုလည်း အုတ်ဖိုနဲ့နီးတဲ့ ကျွန်တော်တို့ စာသင်ကျောင်းမှာ အပ်နှံရပြန်တယ်လေ။ ချစ်စုမလေးက လက်ရှိ စာသင်နှစ်ရောဆို သူငယ်တန်းမှာပဲ သုံးနှစ်ဆက်တိုက်ရှိပြီမို့ ကျောင်းပါးလည်း ဝ နေပြီ။ သုံးနှစ်ဆက်တိုက်ဆိုလို့ မအံ့ဩလေနဲ့။ ရှေ့နှစ်များမှာ ချစ်စုမကို သင်ခဲ့ ကြတဲ့ ဆရာမတွေတိုင်း ပညာရေးဌာနရဲ့ မဖြစ်မနေ အတန်းတင်ပညာရေးစနစ်အရ ချစ်စုမကိုလည်း အတန်းတင်ပေးချင်ကြသူတွေချည်း။ သို့ပေသိ ချစ်စုမကတော့ ဘယ်လိုမှ အတန်းတင်ပေးလို့မရ။ တတ်ချင်တတ် မတတ်ချင်နေဆိုပြီး မျက်စိမှိတ်

mgyoe.com

mgyoe.com SAMPLE BOOK

အတန်းတင်ပေးရအောင်ကလည်း ချစ်စုမ က ဝလုံးလေးတစ်လုံးတောင် ရေးနိုင်သူ မဟုတ်ပေဘူး။ ဒီလိုနဲ့ပဲ နှစ်စဉ်အတန်းမတက်နိုင်ရှိရာကနေ ယခုစာသင်နှစ်မှာတော့ ကျွန်တော်နဲ့ ဆုံရခြင်းပေတည်း။

"ဆရာမကြီးရယ် ကျွန်မဖြင့် ချစ်စုမကို ဘယ့်နှယ့်လုပ်ရမယ်ကို မသိတော့ဘူး။ သူ့လက်တွေက ခဲတံကို မကိုင်နိုင်တော့ ခက်လှတယ်။ ကျွန်မက သူ့လက်လေးကို ကိုင်ထိန်းပြီး ရေးပြလည်း ကျွန်မထိန်းပေးနေတုန်းပဲ ရေးနိုင်တာ။ ကျွန်မ လက်လွှတ်လိုက်တာနဲ့ သူ့လက်တွေက ဒုံရင်းဒုံရင်းပဲ။ ခဲတံကို မြဲအောင် မကိုင်နိုင်ဘူး"

ဒီလိုအသံတွေကို ချစ်စုမရဲ့ လက်ဦးဆရာများဆီက ကြားခဲ့ရပေါင်းလည်း မနည်းတော့ပြီ။ ကျွန်တော်တို့ကျောင်းရဲ့ ရင်ခွင်ပိုက်စနစ်အရ ကိုယ့်အတန်းနဲ့ကိုယ် တစ်လက်ကိုင်လိုက်ကြရတာဆိုတော့ အနီးဆရာမတွေကဖြင့် ချစ်စုမဝဋ်က လွတ်ကြ၊ ကျွတ်ကြလေပြီလို့ ပြောရမယ်ထင်ရဲ့။ ဆရာမတွေကလည်း တစ်ခါတစ်ရံ ကျွန်တော့်ကို 'ချစ်စုမ ဝဋ် ခံပေဦးဆရာရေ' လို့ စနောက်တတ်ကြတယ်။ ကျွန်တော်ကတော့ ဒါကို ဝဋ်လို့ မခံယူဘူး။ ကျွန်တော် ချစ်စုမကို စိတ်ဝင်စားတယ်။

ပြောရရင် ချစ်စုမတို့လို ကလေးတွေတိုင်းကို ကျွန်တော် အင်မတန်မှ ကိုင်တွယ် ထိန်းကျောင်းကြည့်ချင်တယ်။ 'ချစ်စုမက ဘယ်လိုကလေးမျိုးလဲ' လို့ တွေးနေမိသလား။ ဟုတ်ပါတယ် ချစ်စုမက ပိုလီယိုရောဂါသည်လေးပါ။ သူမရဲ့ ခြေထောက်လေးနှစ်ဖက်ဟာ အနည်းငယ်ဆာနေပြီး လက်ချောင်းလေးတွေကတော့ အမြဲတစေ ဆန့်ဆန့်ဖြောင့်ဖြောင့်လေး ဖြစ်နေရှာတာ။ တောင့်တင်းနေရှာတဲ့ အကြောချောင်းလေးတွေကြောင့် လက်ချောင်းလေးတွေကို ကွေးချင်တိုင်း လိုသည် ထက်ပိုပြီး အားစိုက်ရတယ်။ ထူးခြားတာက ချစ်စုမရဲ့မျက်နှာလေးကတော့ အင်မတန် ချစ်စဖွယ်ကောင်းတာပါပဲ။ ကော့ရွန်းသော မျက်တောင်၊ နက်မှောင်သော မျက်လုံး၊ ဖြောင့်စင်းသောနှာတံ၊ ကိုင်းညွတ်ပိရိသော နှုတ်ခမ်း၊ ဖြူဝင်းသော အသားအရေ။ ဒီအလှတွေဟာ ချစ်စုမလေးရဲ့ ခြေလက်တွေနဲ့ ဆန့်ကျင်ခြားနားစွာ ပါရမိထူးပေရဲ့။

"ချစ်စုမ လာစမ်း လာစမ်း။ သမီးလွယ်အိတ်နဲ့ စာအုပ်တွေရော ယူခဲ့။ ညည်းကို နောက်ဆုံးတန်းမှာ ထားလို့မဖြစ်ဘူး ရှေ့ဆုံးတန်းကိုလာ။ နောက်လည်း ဒီရှေ့တန်းမှာ အမြဲထိုင်ရမယ် ကြားရဲ့လား"

ကျွန်တော် ခေါ်လိုက်တော့ ချစ်စုမလေးက လွယ်အိတ် စလွယ်သိုင်း၊ စာအုပ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ ရှေ့ဆုံးခုံ ရောက်လာတယ်။ သူမ အတွေးထဲမှာတော့

mgyoe.com SAMPLE BOOK

သူမ နှစ်စဉ်ထိုင်နေကျ ဟိုးနောက်ဆုံးက ထိုင်ခုံလေးဟာ သူမ ထိုင်ရမယ့်နေရာ၊ သူမနဲ့ ထိုက်တန်တဲ့ နေရာလို့သာ ပုံသေမှတ်ထားပုံ ရပါတယ်။ ကျွန်တော် နေရာချပေးတဲ့ ရှေ့ဆုံးတန်းမှာထိုင်ရင်း အံ့ဩတဲ့မျက်ဝန်းတွေနဲ့ ကျွန်တော့်ကို တစ်ချက်တစ်ချက် မော့မော့ကြည့်နေရှာတယ်။ ကျွန်တော်တို့ စာသင်ခန်းများဆိုတာကလည်း မပြည့်စုံတဲ့ကလေး၊ စာမလိုက်နိုင်တဲ့ကလေး၊ တစ်စုံတစ်ရာ ချို့ယွင်းနေတဲ့ ကလေးမျိုးဆို နောက်ဆုံးအတန်း အခန်းထောင့်မှာ နေရာချပေးတာမျိုးက များတယ်မဟုတ်လား။ ကျွန်တော်ကတော့ အဲဒီဝါဒကို လုံးဝ ဖီဆန်တယ်။ စာတော်တဲ့ကလေး နောက်ဆုံးအတန်းကို သွား။

စာမလိုက်နိုင်တဲ့ကလေးမျိုး ကျွန်တော့်မျက်စိအောက်မှာရှိတဲ့ ရှေ့ဆုံးတန်းကိုလာ။ အလယ်အလတ် ကလေးတွေကိုတော့ အလယ်ခုံတွေမှာ နေရာချပေးတယ်။ ဒီအတိုင်းတော့ မဟုတ်ဘူး။ တော်တဲ့ကလေးတွေပါ ညှပ်ထည့်ပေးထားတယ်။ နားမလည်တာရှိရင် အချင်းချင်း ရှင်းပြခိုင်းပြီး အချင်းချင်း သင်ကြား သင်ယူမှု ပြုစေတယ်။ ဘယ်လိုမှ နားမလည်တာမျိုး ဆိုရင်တော့ ကျွန်တော့်ဆီ လာမေးပေါ့။

" ပြစမ်းအေ ငါ့သမီးစာအုပ်၊ ဟော...ဘာမှလည်း မရေးရသေးပါလား။ ကြည့်စမ်း သူများတွေ ရေးနေတာ ဝလုံးလေးတွေ ဝိုင်းစက်နေတာပဲ။ ချစ်စုမရော အဲလို မရေးတတ်ချင်ဘူးလားကွ ဟေ"

ကျွန်တော်က ချစ်စုမစာအုပ်လေးကို ဆွဲယူကြည့်တော့ ချစ်စုမက စာအုပ်ကို လက်ကမလွှတ်ချင်ဘဲ လက်ဖနောင့်နှစ်ဖက်နဲ့ညှပ်ပြီး အတင်းတောင့်ခံထားတယ်။ ကျွန်တော် အားစိုက်ဆွဲလိုက်မှ လက်ထဲပါလာတယ်။

ခဲတံလေးကိုလည်း အခြားသူများနည်းတူ ကိုင်ထားတာ မဟုတ်ဘူး။ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်းကြားမှာ ထိုးကန့်လန့်ပြီး ညှပ်ထားရှာတယ်။ ကျွန်တော် သူ့စာအုပ်လေးကိုကြည့်ရင်း မေးလိုက်တော့ မော့ကြည့်နေတဲ့ ချစ်စုမရဲ့မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ ပြည့်အင်းလာတယ်။ ပြီးတော့ ချက်ချင်းပဲ ခေါင်းငုံ့သွားတယ်။ ချစ်စုမရဲ့ မျက်လုံးထဲက ဘာသာစကားတွေကို ကျွန်တော် ဖတ်လိုက်နိုင်ခဲ့ပါတယ်။ "ရေးတတ်ချင်တာပေါ့ ဆရာရယ်။ သူများတွေထက် ဝိုင်းစက်လှပတဲ့ ဝလုံးလေးတွေရေးပြီး ဆရာပေးမယ့် မင်နီခြစ်ကလေးကို လိုချင်တာပေါ့။ ဒါပေမဲ့ ချစ်စုမက သာမန်မဟုတ်တဲ့ ဒုက္ခိတလေးလေ ဆရာရယ်" လို့ များပြောချင်နေရှာမလား ကလေးရေ။

ကျွန်တော် ချစ်စုမလေးရဲ့ မျက်လုံးတွေကို ဘယ်တော့မှ မေ့နိုင်တော့မယ်

mgyoe.com

mgyoe.com SAMPLE BOOK

မထင်ပါဘူး။ ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ လက်လျှော့ခြင်း၊ မျှော်လင့်ချက် ကင်းမဲ့ခြင်းဆိုတဲ့ အရောင်တွေဟာ ချစ်စုမမျက်ဝန်းထဲမှာ ဒွေးရောယှက်တင် အရောင်ဖြာဖြတ်ပြေးခဲ့ကြတယ် မဟုတ်လား။ 'ရွှေအကြောင်း ဖယောင်းသက်သေတည်' ဆိုခဲ့ရင် တပည့်တွေရဲ့ မျက်လုံးထဲက ဘာသာစကားကို ဖော်ထုတ် ကောက်ချက်ချနိုင်စွမ်းက ဆရာတွေရဲ့ပင်ကိုယ်စွမ်းရည်ပေါ့ ကလေးရေ။ ဆရာ ချစ်စုမရဲ့ ခံစားချက်တွေကို အပြည့်အဝ နားလည်ပါတယ်ကွာ။ စိတ်ချပါ။ 'Education for all (အားလုံးအတွက် ပညာရေး)' ဆိုတဲ့အတိုင်း အားလုံးထဲမှာ ချစ်စုမလည်း ပါဝင်စေရအောင် ဆရာစွမ်းဆောင်ပါ့မယ်။

❑

"ဟေ့...ချစ်စုမ။ ဆရာ့ဆီ လာစမ်းဦး"

ကျောက်မတက်သေးခင် ခပ်စောစောရောက်လာတဲ့ ချစ်စုမကိုမြင်တာနဲ့ ကျွန်တော် လှမ်းခေါ် လိုက်တယ်။ ချစ်စုမ ခြေထောက်ဆာဆာလေးနဲ့ ကျွန်တော့်ဆီ အမြန်ဆုံး လှမ်းလာတယ်။ ချစ်စုမရယ်လေ အဖြူအစိမ်းလေးက သန့်ရှင်းကြွရှလို့။ မျက်နှာပေါ် က မခြောက်တခြောက် ပါးကွက်ဝိုင်းလေးဆီက သနပ်ခါးနံ့လေးကတောင် တစ်ချက်တစ်ချက် သင်းလာပြန်ရဲ့။ လက်ညှိုးနဲ့ လက်ခလယ်ကြားမှာ နှစ်ရာတန်လေး တစ်ရွက်ကို ညှပ်လို့ မုန့်ဖိုးထင်ပါရဲ့။

"ငါ့သမီးက လှလှချေလားအေ့။ သန့်ပြန့်မွှေးကြိုင်နေတာကော။ မုန့်ဖိုးကရော ဘာဝယ်စားမှာတုံး။ ဝယ်ပြီး ဆရာ့ကို လာကျွေးလှည့်ဦး"

ချစ်စုမကတော့ ပြန်မဖြေ။ ရှက်ပြုံးလေး ပြုံးရင်း ကိုယ်လုံးလေးကို အနည်းငယ် လှုပ်ရမ်းနေတယ်။ မျက်လုံးလေးတွေဆီမှာ ရယ်မြူးရိပ်ကလေး ထင်နေတာက အထင်းသား။ ဆရာရဲ့ အရေးတယူပြု နှုတ်ဆက်ခံရလို့ထင်ပါရဲ့။ ဒီလိုကလေးတွေက မေတ္တာဓာတ် ပိုလိုအပ်တယ်ဆိုတာကို ကျွန်တော် ကောင်းကောင်းသိတယ်။ အခြားကလေးများထက် အလေးထားအရေးယူ ခံချင်တတ်ကြတာ မဟုတ်လား။ ကျွန်တော်တို့တောင် ငယ်စဉ်က ဆရာမကို ပန်းကလေးပေး၊ မုန့်ကလေးကျွေးလိုက်လို့ ဆရာမက ပန်လိုက်၊ စားလိုက်ရင် အတိုင်းမသိ ဝမ်းသာခဲ့ကြ၊ ပျော်ခဲ့ကြတာပေကိုး။

"ချစ်စုမ၊ သမီးတို့ သူငယ်တန်းရှေ့မှာ စိုက်ထားတဲ့ နှင်းဆီပင်နှစ်ပင်နဲ့ ရွက်လှပင်သုံးပင်ကို သိတယ် မဟုတ်လား"

"ဟုတ် သိတယ်ဆရာ။ နှင်းဆီပင်တွေက နိုးနိုးတို့အိမ်က ယူလာတဲ့အပင်။ ရွက်လှပင်က ကေခိုင်ကျော်နဲ့ သင်းသင်းအိတို့ အိမ်က။ သမီးတို့ အိမ်မှာတော့

mgyoe.com

mgyoe.com SAMPLE BOOK

ယူလာဖို့ ဘာပင်မှ မရှိဘူး။ အုတ်ရိုက်တဲ့ ရွှံ့တုံးတွေပဲ ရှိတယ် ဟီး"

ချစ်စုမ နှုတ်လျှာသွက်နေလေရဲ့။ ဘဝပေးကံ မကောင်းလှပေသိ ချစ်မွေးပါသူကလေး။ စာသင်ချိန်ကလွဲရင် သိုးသိုးသွက်သွက် ရှိရှာတယ်။ စာသင်ချိန်တိုင်းကတော့ ချစ်စုမရဲ့ ငရဲခန်းဖြစ်မယ် ထင်ပါရဲ့လေ။

"အေး...ဟုတ်တယ်။ ငါ့သမီးပြောတဲ့ အပင်တွေပဲ။ အဲဒီပန်းပင်တွေကို နေ့တိုင်း ချစ်စုမပဲ ရေလောင်းရမယ်။ ဒီပန်းပင်လေးတွေက မကြာခင်မှာ ပွင့်ကြတော့မှာကွ။ ချစ်စုမသာ ရေလောင်းပေးရင် ပိုပြီး မြန်မြန် ပွင့်လာမှာပဲ။ ပွင့်လာတဲ့ ပန်းကလေးတွေကလည်း တခြားသူတွေနဲ့ မဆိုင်ဘူး။ ချစ်စုမ ရေလောင်းလို့ ပွင့်လာတဲ့ ပန်းကလေးတွေမို့ ချစ်စုမပိုင်တဲ့ ပန်းတွေပေါ့။ ဘုရားကပ်ရင်တောင် ချစ်စုမပဲ ကုသိုလ်ရမှာ။ ဘယ့်နှယ့်တုံး။ ရေလောင်းတဲ့တာဝန် ချစ်စုမ ယူမလား။ ဒီတာဝန်ကို သမီး မယူနိုင်ရင်လည်း ရတယ်။ ဆရာက မဆူဘူး။ အပင်ပိုင်ရှင်တွေကိုပဲ ဆရာက တာဝန်ပေးလိုက်မှာ"

ကျွန်တော့်စကား အဆုံးမှာ ချစ်စုမထံက မဆိုင်းမတွ အဖြေထွက်လာတယ်။ "ဒီအပင်တွေကို သမီး နေ့တိုင်း ရေလောင်းမယ်ဆရာ"တဲ့။ ချစ်စုမ ကျွန်တော့်ရှေ့ကနေ ထွက်ပြေးပြီး အတန်းထဲဝင်သွားတယ်။ တအောင့်ကြာတော့ လွယ်အိတ်ကို အတန်းထဲမှာထားပြီး ပြန်ထွက်လာတယ်။ ချစ်စုမ လုပ်သမျှ လုပ်ဆောင်မှုတွေကို ကျွန်တော် အချိန်ပေးပြီး ကြည့်နေမိတယ်။ ချစ်စုမလေ ရုံးခန်းအနောက်ဘက်မှာရှိတဲ့ ရေလှောင်ကန်ထဲကရေတွေကို ကော်ပုံးလေးနဲ့သယ်ကာ အပင်တွေကို ကူသယ် ခေါက်သယ် လောင်းနေလေရဲ့။ ပုံးထဲမှာတော့ ရေကအပြည့်မပါ။ ပါသမျှရေကလည်း ဖိတ်တစ်ဝက်စင်တစ်ဝက်။ ခြေထောက်လေးက ခနော်ခနဲ့ပေမို့ ရေပုံးလေးဆွဲပြီး လမ်းလျှောက်နေပုံက ယိုင်ထိုးယိုင်တိုင်ရယ်။ ချစ်စုမက ရေပုံးရဲ့ လက်ကိုင်ကို လက်ချောင်းတွေနဲ့ မကိုင်ဘူး။ လက်ကောက်ဝတ်တွေနဲ့သာ ဆွဲတယ်။ ဒီကလေးမလေးဟာ သူ့လက်ချောင်းတွေကို ညှာလွန်းချေရဲ့။

"ချစ်စုမ။ ရေကို သမီး နိုင်သလောက်သာ သယ်။ ဒါပေမဲ့ ရေပုံးကိုင်းကိုတော့ လက်ကောက်ဝတ်နဲ့ မကိုင်နဲ့။ သမီးလက်ချောင်းတွေနဲ့ပဲ ဆွဲရမယ်"

ကျွန်တော်က ရုံးခန်းထဲကနေကြည့်ရင်း လှမ်းအော်လိုက်တယ်။ ဒီတော့လည်း ချစ်စုမလေးက နာခံတာပါပဲ။ လက်ကောက်ဝတ်အစား လက်ချောင်းတွေသုံးပြီး ရေပုံးကို ဆွဲရှာပါတယ်။ လက်ချောင်းတွေဟာ လက်ကောက်ဝတ်နေရာလောက် မသန်မာတာမို့ ရေများများပါအောင်တော့ မဆွဲနိုင်ရှာဘူး။ ကျောင်းစိမ်းဘောင်းဘီ

mgyoe.com

mgyoe.com SAMPLE BOOK

အနားစွန်းတွေမှာလည်း ရေတွေစိုနေရှာပေါ့။ ခဏကြာတော့ ကျောင်းတက်သံချောင်း ခေါက်တာမို့ ချစ်စုမကို နားခိုင်းလိုက်ရတယ်။ ကျွန်တော်လည်း သူငယ်တန်းခန်း လေးထဲ ဝင်လာပြီး ကလေးတွေကို ဘုရားရှိခိုးခိုင်းရပြန်တယ်။ ကန်တော့ချိုးတွေ ကိုတော့ ကျွန်တော်ကပဲ ရှေ့ကနေ တိုင်ပေးရတာပေါ့။ ဘုရားရှိခိုး ပြီးပြန်တော့ စာသင်ခန်းတွင်း အမှိုက်စစ်တယ်။ ခုံအောက်မှာ အမှိုက်အစအနလေးတွေရှိရင် ကောက်ခိုင်းပြီး အမှိုက်တောင်းထဲ ထည့်စေတယ်။ အမှိုက်ကောက်ပြီးရင်တော့ လက်ဆေးခိုင်းပြီး စာသင်ခြင်းလုပ်ငန်း စကြရပြီ။

ဒီအချိန်ဟာ ချစ်စုမ အကြောက်ဆုံးနဲ့ အငြီးငွေ့ဆုံးသောအချိန် ဖြစ်မယ် ထင်ရဲ့။

ကျွန်တော် ချစ်စုမကို စာမရေးခိုင်ဘူး။ ရေးခိုင်းလည်း ရေးမှာမှမဟုတ် ဘဲကိုး။ စာရေးရအောင်လည်း ခဲတံတောင်မြဲမြဲအောင် ကိုင်တွယ်နိုင်တာမှ မဟုတ် ဘဲ။ ဒီတော့ စာသင်ခန်းအပြင်မှာရှိတဲ့ ပန်းပင်ကျင်းထဲက သဲစာတွေကို ချစ်စုမကို ဖော်ခိုင်းထားတယ်။ ချစ်စုမကလည်း ပန်းပင်ကျင်းဘေးမှာ တစ်ကိုယ်တည်းထိုင်ရင်း သဲစာတွေကို လက်နဲ့ ယက်တင်နေရှာတယ်။

"ဆရာရယ်။ သူ့ဟာသူ စာမရေးဦးတော့ စာသင်ခန်းထဲပဲ ထားလိုက်ပါ့ လား။ ကျောင်းတက်ချိန်ကြီးမှာ စာသင်ခန်းအပြင် ရောက်နေတော့ လူမြင်လို့လည်း မသင့်တော်ပါဘူး။ ကျောင်းကလည်း လမ်းဘေးကျောင်းဖြစ်နေတော့ အကြီးအကဲ တွေဖြတ်သွားလို့ မြင်သွားရင်လည်း ကလေးတွေကို နေချင်သလိုနေ ထားရကောင်း လားရယ်လို့ အပြစ်တင်ခံနေရပါဦးမယ်"

ကျောင်းအုပ်ဆရာမကြီးက စိုးရိမ်ကြီးနေပြန်တော့လည်း ကျွန်တော် စောဒက မတက်ခဲ့ပါဘူး။ အတန်းထဲ ပြန်သွင်းဆိုတော့လည်း သွင်းလိုက်တာပါပဲ။ ကျွန်တော် ဘာလုပ်ချင်တယ်၊ ဘာဖြစ်ချင်တယ် ဆိုတာကိုလည်း မဖြေရှင်းဖြစ်ခဲ့ဘူး။ ဆရာမကြီး စိုးရိမ်မယ်ဆိုလည်း စိုးရိမ်မှာပေါ့လေ။ ကြုံလည်း ကြုံခဲ့ဖူးတာကိုး။ ဆရာမကြီးဆီကို ရုံးလူကြီးတစ်ဦးက "ဆရာမကြီး ကျောင်းရှေ့အလံတိုင်ကို ထွက် ကြည့်ပါဦး" ဆိုပြီး ဖုန်းဆက်တယ်။ ထွက်ကြည့်လိုက်ကာမှ သတိပြုမိချေရဲ့။ ဘာ ဟုတ်ရမတုံး။ အလံကို ဇောက်ထိုးတင်ထားမိခြင်းရယ်။ ရုံးလူကြီးက ဖြတ်သွားရင်း မြင်ပြီး ဖုန်းလှမ်းဆက်တာတဲ့။ ကျောင်းထဲဝင်ပြီး အဆူအကြိမ်း မခံရတာပဲ ကံ ကောင်းချေရဲ့ အောက်မေ့ရတယ်။ ဒီတော့လည်း ချစ်စုမကိုပါ အခန်းထဲပြန်ခေါ် လိုက်ရတာပေါ့။ ကျွန်တော့်စိတ်ထဲမှာလည်း ကျွန်တော် သူငယ်တန်းအခန်းထဲကို

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်လိုက်တိုင်း ချစ်စုမကို ဘယ်လိုပုံသွင်းရမလဲလို့သာ အာရုံရောက်ရတယ်။ နေ့ခင်း ထမင်းစားကျောင်းဆင်းတော့ ချစ်စုမအမေက ထမင်းချိုင့်လေးနဲ့ ရောက်လာပြီ။ ချစ်စုမကို ထမင်းလာကျွေးတာပေါ့။ ခဲတံတောင် မြဲအောင်မကိုင်နိုင်တဲ့ ချစ်စုမဟာ ဇွန်းကိုလည်း မြဲအောင် မကိုင်နိုင်ရှာပါဘူး။ ဒီတော့လည်း ချစ်စုမအမေကပဲ နေ့စဉ် ထမင်းခွံ့ရပြန်တယ်။ ဒီပုံအတိုင်းသာ နေ့တဓူဝ သွားနေလို့ကတော့ ချစ်စုမတစ်ယောက် ကိုယ့်အားကိုယ်ကိုးနိုင်ဖို့ မမြင်။ အခုလည်း ချစ်စုမအမေက ချစ်စုမကို ထမင်းခွံ့နေရင်း ချစ်စုမရဲ့ လက်ကောက်ဝတ်လေးတွေကို ကိုင်တွယ်ပြီးလှည့်ပတ်ကြည့်ရှုနေလေရဲ့။ ရေပုံးကိုင်းကို လက်ကောက်ဝတ်နေရာ အသုံးပြုပြီး မတဲ့ဒဏ်ကြောင့် လက်ကောက်ဝတ်လေးတွေ နီမြန်းနာကျင်နေရှာပေလိမ့်မယ်။ ချစ်စုမလေးကတော့ ထမင်းကိုဝါးလိုက်၊ သူရေလောင်းထားတဲ့ ပန်းပင်လေးတွေကို လက်ညှိုးထိုးပြလိုက်နဲ့ မအေဖြစ်သူနဲ့ စကားဖောင်ဖွဲ့နေလေရဲ့။

ကျွန်တော် ရုံးခန်းထဲက အတိုင်းသား လှမ်းမြင်နေရတယ်။ သက်မမောတွေလည်း အကြိမ်ကြိမ်ချမိတယ်။ ဒီကလေးမလေးရဲ့ဘဝ ဒီပုံမျိုးနဲ့ အဆုံးသတ်သွားမှာမျိုးကိုတော့ ကျွန်တော် စိုးကြောက်မိတယ်။ သူတို့လေးတွေအတွက် တာဝန်အရှိဆုံးလူသားတွေက ကျွန်တော်တို့ မဟုတ်လား။ ကျွန်တော် တာဝန်ကျေချင်တယ်။ မှန်သောစကားကို ဆိုပါတယ်။ ဆရာဆိုတာ ဥယျာဉ်မှူးဖြစ်ခဲ့ရိုးမှန်ရင် ကျွန်တော်ဟာ ပန်းကလေးတွေအပေါ် သစ္စာမပျက်ယွင်းတဲ့ ဥယျာဉ်မှူးသာ ဖြစ်ချင်မိပါရဲ့။

❑

"ကျွန်မ မကျေနပ်ဘူးဆရာ။ ကျွန်မသမီးကို အဲလိုပင်ပန်းတာတွေ မခိုင်းပါနဲ့။ တစ်ရက်လည်းမက နှစ်ရက်မကနဲ့ နေ့စဉ်မြင်နေရတော့ ကျွန်မရင်ထဲ မခံစားနိုင်ဘူးဆရာ။ ကျောင်းဆင်းပြီး အိမ်ပြန်ရောက်လာလို့ ကြည့်လိုက်တိုင်း ကျွန်မသမီးရဲ့လက်ကောက်ဝတ်မှာ အညိုအမဲစွဲတွေချည်းပဲ။ လက်ချောင်းလေးတွေဆိုရင် နဂိုကမှ မသန်စွမ်းရတဲ့အထဲ ရေပုံးတွေဆွဲရတော့ ရှိရင်းစွဲထက်တောင် သေးသိမ်သွားတယ် ထင်ရတယ်"

ချစ်စုမအမေက ရုံးခန်းထဲထိဝင်လာပြီး ဆရာမကြီးရှေ့မှာ ငိုရင်းတိုင်တည်ရင်ဖွင့်နေလေရဲ့။ ဆရာမကြီးကတော့ နှစ်သိမ့်ဖြန်ဖြေပေးနေပြန်တယ်။ ကျွန်တော့်စိတ်အတိုင်းသာဆို အော်ထုတ်လိုက်မိမယ် ထင်တယ်။ ကျွန်တော်က ကလေးတွေအပေါ်ကလွဲရင် စိတ်ဆတ်လွယ်သူမို့ ကိုယ့်စိတ်ကို အတော်ထိန်းထားရတယ်။

"ကျွန်တော် ခင်ဗျားရဲ့အမေးကို မဖြေဘူး ဒေါ်အတ္တာ။ ကျွန်တော် ပြန်ဖြေ

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ခင်ဗျားနားလည်မှာမဟုတ်ဘူး။ ကလေးတွေရဲ့ အရွယ်အလိုက် ဉာဏ်ရည် ဖွံ့ဖြိုးမှု၊ ကိုယ်ခန္ဓာသန်စွမ်းမှုအလိုက် သင်ကြား သင်ယူမှု ကွဲပြားခြားနားပုံတွေကို ခင်ဗျားကြားဖူးလား။ ခင်ဗျားတို့က သားသမီးအပေါ် ချစ်ပုံချစ်နည်းက ဘယ်လိုပုံစံ တွေတုံးဗျ၊ ခင်ဗျားတို့ကလည်း ဝမ်းနဲ့လွယ်မွေးရတဲ့ သားသမီးမို့ ချစ်ကြမှာမှန်သလို၊ ကျွန်တော်တို့ကလည်း ရင်ခွင်ပိုက်ပြီး သင်ကြရတဲ့ ဆရာတွေနော်၊ သံယောဇဉ် ထုထည်က မနည်းဘူး။ ခင်ဗျားကိုပဲ တစ်ခုပြန်မေးချင်တယ်။ ခင်ဗျား သမီးကို တစ်သက်လုံး ဒီအတိုင်းဖြစ်စေချင်သလား။ ခင်ဗျားသမီးရဲ့ အနာဂတ်က ကျွန်တော့် လက်ထဲမှာ ရှိနေတယ်နော်။ ခင်ဗျားဖြစ်စေချင်တဲ့ ပုံစံမျိုးဖြစ်လာအောင် ဖန်တီးခွင့် ကလည်း ကျွန်တော့်လက်ထဲမှာပဲရှိတယ်"

"ဒါတော့ ဆရာက အကျပ်ကိုင်တာပဲဆရာ။ ဘယ်မိဘမဆို ကိုယ့်ကလေး ကို တော်စေတတ်စေချင်ကြတာချည်းပါပဲ။ ဒါပေမဲ့ အခု ဆရာက ကျွန်မသမီးကို ရေပုံးတွေဆွဲခိုင်းတယ်၊ ရွှံ့တွေနယ်ခိုင်းတယ်။ တခြားကလေးတွေ စာရေးနေတဲ့ အချိန်မှာ ကျွန်မသမီးကိုတော့ အုတ်ရိုက်ရွှံ့တွေနဲ့ရွှံ့လုံးတွေ လုံးခိုင်းတယ်။ ကျောင်း ကပြန်လာရင် စာအုပ်ထဲမှာသာ ဝလုံးတစ်လုံးမှ ပါမလာတာ၊ ရွှံ့လုံး လုံးရတာနဲ့တော့ ညစ်ပေလာတာပဲ မဟုတ်လား။ ကျွန်မသမီး စာရေးတတ်လာဖို့ ဒါတွေနဲ့ သက်ဆိုင် သလား ဆရာ။ ဒီပုံစံအတိုင်းဆိုရင်တော့ ကျွန်မသမီးကို ကျောင်းပဲပြောင်းပစ်မယ်"

ကျွန်တော့်စိတ်ထဲ ထောင်းခနဲဖြစ်သွားတယ်။ အသိခေါက်ခက် အဝင်နက် တယ်ဆိုတာ ဒီလိုလူတွေ။ ဆရာမကြီးကတော့ ကျွန်တော်နဲ့ ချစ်စုမအမေကြားမှာ မျက်စိမျက်နှာပျက်နေချေပြီ။ ကျွန်တော် ဆရာမကြီးကို အားနာပေမဲ့ ကျွန်တော့်ဘက် ကလည်း မလျှော့မိဘူး။ ဆရာမကြီးလည်း ကျွန်တော်ကျင့်သုံးတဲ့ လမ်းစဉ်တွေကို နားလည်မှာပါ။ ဆရာအတတ်ပညာသင်ဘွဲ့တွေ ရလာခဲ့ပြီးမှတော့ ကလေးတစ် ယောက်အပေါ် ကိုင်တွယ်နည်းတွေကို ဆရာမကြီး အသိဆုံး ဖြစ်ပေလိမ့်မယ်။ ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး၊ သန်စွမ်းသူ မသန်စွမ်းသူ အားလုံးပါဝင် သင်ယူနိုင်တဲ့ Enclusive Education (အကျုံးဝင်ပညာရေး) ရဲ့ သဘောတရား တွေကိုလည်း ဆရာမကြီးကိုယ်တိုင် ကျွမ်းဝင်ပြီးသား မဟုတ်လား။

ကျွန်တော့်အတန်းထဲမှာ ချစ်စုမ တစ်ယောက်တည်းအတွက် ရည်ရွယ်တဲ့ အုတ်ရိုက်ရွှံ့ထုပ်ကြီး တစ်ထုပ်လည်း ရှိတယ်။ အုတ်ဖိုဘက်ကနေ ကျောင်းလာတက် တဲ့ အလယ်တန်းကျောင်းသားလေးကို မှာလိုက်တာ။ ချစ်စုမအမေ ပြောသလိုပါပဲ။ ကျွန်တော်ရဲ့စာသင်ချိန်တွေမှာ ချစ်စုမကို ရွှံ့လုံး လုံးစေချင်းဖြင့်သာ ပြီးဆုံးစေခဲ့တာ

mgyoe.com

mgyoe.com SAMPLE BOOK

အမှန်။ ဒါကလည်း ကျွန်တော့်နည်း ကျွန်တော့်ဟန်ပဲလေ။ "ခရုမှာလည်း အဆံနဲ့၊ လူမှာလည်း အကြံနဲ့" မဟုတ်လား။ ဒါသည်ပင် ကျွန်တော့်ရဲ့သင်ကြားနည်း၊ ချစ်စုမရဲ့ သင်ယူနည်း။

"ဒါတော့ ခင်ဗျားသဘောပဲ။ ခင်ဗျား သိထားရမှာက ခင်ဗျားကလေးက တခြားကလေးတွေလို ပုံမှန်သင်ကြားသင်ယူမှု ပြုနိုင်တဲ့ကလေး၊ မဟုတ်ဘူး။" တခြားကလေးတွေနဲ့ ယှဉ်ချင်ရင် တခြားကလေးတွေလို သန်စွမ်းမှုမျိုး ရှိရမှာပဲ။ အခုတောင် ခင်ဗျားကိုယ်တိုင် နေ့တိုင်း ထမ်းလာခွံ့နေရတာ မဟုတ်လား။ ခင်ဗျားတစ်သက်လုံးရော ချစ်စုမကို ထမ်းလိုက်ခွံ့နေနိုင်မယ် ထင်သလား။ ခင်ဗျား ချစ်တဲ့နည်းက ကလေးကို အမှီအခိုရှိမှ ရှင်သန်ရဲအောင် ချစ်တဲ့နည်းပဲ။ ကျွန်တော်ချစ်မယ့်နည်းက အမှီအခိုမပါဘဲ ဘဝထဲ ဝင်ဆံ့ရဲအောင် လေ့ကျင့်ပေးမယ့်နည်းပဲ။ ကျောင်းပြောင်းမယ်၊ မပြောင်းဘူးဆိုတာကတော့ ခင်ဗျားရဲ့ ဆုံးဖြတ်ပိုင်ခွင့်ပေါ့ဗျာ။ ဒီကျောင်းမှာ မထားရင် ချစ်စုမကို ခင်ဗျားပိုင်တယ်။ ဒီကျောင်းမှာ ဆက်ထားမယ်ဆိုရင်တော့ ချစ်စုမရဲ့ အနာဂတ်ကို ကျွန်တော် ပိုင်တယ်၊ ကျွန်တော် ဖန်တီးခွင့်ရှိတယ်။ ကုန်ကုန် ပြောမယ်ဗျာ။ ချစ်စုမကို ဒီကျောင်းမှာ ဆက်ထားမယ် ဆိုရင် ခင်ဗျား ထမ်းလာမခွံ့နဲ့တော့။ ထမ်းချိုင့်ပဲ ထည့်ပေးပြီးလွှတ်လိုက်ပါ"

ကျွန်တော်လည်း ဒေါပွပွနဲ့ယတိပြတ်ပြောပြီး သူငယ်တန်းဘက် လှည့်ထွက်လာခဲ့တယ်။ ကျွန်တော်ပြောစရာစကား ကုန်ပြီ။ တစ်ခါတလေ ဒီလိုပြန်မာပေးမှ တော်ကာကျတာရယ်။ ကလေးနဲ့ပတ်သက်ရင် ခပ်ကဲကဲ ခပ်သည်းသည်း မိဘတွေနဲ့ ကြုံဖူးလှပေါ့။ တချို့မိဘတွေကျတော့ ကန်တော့ပစ္စည်းလေးတွေနဲ့ ကလေးတွေကို ကန်တော့ခိုင်းပြီး "ကျွန်မကလေးကို ဂရုစိုက်ပေးပါဦးဆရာရယ်" ဆိုတာမျိုးတွေပါ ကြုံရသေးတာ။ အဲလိုအခါမျိုးဆို "ကျွန်တော် ဂရုစိုက်ရမှာက ခင်ဗျားတို့ကလေး တစ်ယောက်တည်းပဲ မဟုတ်ဘူး။ အားလုံးကို ဂရုစိုက်ရမှာပဲ။ ငါ့ကလေးကို ပိုဂရုစိုက်ပါစေဆိုတဲ့ စိတ်နဲ့တော့ ကလေးတွေကို မကန်တော့ခိုင်းပါနဲ့။ ကျွန်တော်က မျှော်လင့်စာကို မစားဘူး။ မေတ္တာစာကိုပဲ စားတာ။ မကန်တော့လည်း ကျွန်တော်က ဂရုစိုက်မှာပဲ၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ ထူးကဲသာလွန်ပြီး မပိုဘူး" လို့သာ အမြဲပြောလွှတ်တယ်။ ဒါကြောင့်လည်း ပြောရဆိုရ ဂွကျတဲ့ဆရာအဖြစ် နာမည်ထွက်တယ်ထင်ပါရဲ့။ သို့ပေသိ "ငါတို့ကလေးတွေကို ဒီဆရာနဲ့သင်ရမှ" ဆိုတဲ့ မိဘတွေလည်း ရှိတာပါပဲ။ နောက်တစ်နေ့တော့ ချစ်စုမ ကျောင်းလာပါတယ်။ ချစ်စုမကတော့ ပန်းပင်တွေကို ရေလောင်းမြဲ၊ ရွှံ့ထုပ်ကြီးထဲက ရွှံ့တွေကို လုံးမြဲပါပဲ။ ပြောင်းလဲသွားတာတစ်ခုက

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်စုမအမေ ထမင်းခွံ့ မလာတော့ခြင်းပင်။ ချစ်စုမလေးကတော့ ထမင်းစားချိန်ရောက်ရင် သူ့အမေကို မျှော်နေပုံရပါရဲ့။ မလာမှန်းသိတော့လည်း ဇွန်းမြီးလေးကို လက်ညှိုးနဲ့ လက်ခလယ်ကြားညှပ်ပြီး ထမင်းခပ်စားရှာတယ်။ ကျွန်တော်က လက်မနဲ့ လက်ညှိုးသုံးပြီး ဇွန်းကိုင်ခိုင်းတယ်။ လက်ရဲ့ အသန်မာဆုံး လက်ချောင်းလေးတွေက လက်မနဲ့ လက်ညှိုး မဟုတ်လား။ ခဲတံကိုင်ရာမှာလည်း ဒီလက်နှစ်ချောင်းကသာ အခရာ။ ချစ်စုမလေးခမျာ ကျွန်တော် ပြောသလို ကြိုးစားရင်း ဇွန်းလွတ်ကျတာလည်း အကြိမ်ကြိမ်။ နောက်ပိုင်းတော့ လေးငါးခြောက်ဇွန်းအထိ ကိုင်နိုင်လာတယ်။ ကျွန်တော် ကိုယ်တိုင် ခွံ့ကျွေးခဲ့ရတာမျိုးလည်း ရှိတာပေါ့လေ။ တစ်ခါတော့ ချစ်စုမကို ကျွန်တော် အလွန် သနားခဲ့ရဖူးတယ်။ မျက်ရည်တောင် စို့ခဲ့ရသေးတာကလား။ အဲဒီနေ့က ကျောင်းဆင်းခါနီး ကျောင်းတွင်း အစည်းအဝေးရှိတာမို့ ချစ်စုမ ထမင်းစားတဲ့နေရာကို မသွားဖြစ်လိုက်ဘူး။ အစည်းအဝေးပြီးကာမှ အမှတ်ရပြီး သွားလိုက်တယ်။

"သင်းသင်းအိ။ ငါ့ကို ထမင်းခွံ့ပေးစမ်းပါနော်၊ ဇွန်းလွတ်ကျနေတာနဲ့ ငါ့ထမင်းတွေလည်း ကုန်တော့မယ်"

ချစ်စုမပေါ့။ သူငယ်ချင်းဖြစ်သူ သင်းသင်းအိကို တောင်းပန်တိုးလျှိုးနေရှာတာ။ မျက်လုံးထဲမှာလည်း မျည်ရည်တွေက အဝိုင်းသား။ သင်းသင်းအိလေးကလည်း သနားသွားရှာပုံ ပေါ်ပါရဲ့။ ချစ်စုမလေးကို တယုတယ ခွံ့ပေးရှာပါတယ်။ ဒီကလေးနှစ်ယောက်ရဲ့ မြင်ကွင်းက ကျွန်တော့်နှလုံးသားကို အပ်အစင်းစင်းနဲ့ ထိုးဆွလိုက်သလိုပါပဲ။

ပန်းဖြစ်ခွင့်ရပုံချင်း တူပါလျက်နဲ့ ပွင့်လန်းရပုံချင်း ကွာခြားလှချေလား ပန်းကလေးတို့ရယ်။ ပန်းကလေးတွေတိုင်းကို ရနံ့သင်း အဆင်းလှစေချင်တာ ဥယျာဉ်မှူးတိုင်းရဲ့ စေတနာ အမှန်ပါပဲ။

❑

"ဆရာ၊ သမီးရေလောင်းတဲ့ ပန်းကလေးတွေ ပွင့်နေပြီ။ နှင်းဆီပန်းသုံးပွင့် မွှေးနေတာပဲ။ အဲဒါကို နိုးနိုးက သူ့နှင်းဆီပင်တဲ့။ သူ့နှင်းဆီပန်းတဲ့။ ဆရာက သမီးကို ပေးထားတာကို နော်ရယ်"

ချစ်စုမအသွင်က ဝမ်းသာအားရရှိလှတယ်။ သူ ရေလောင်းပေါင်းသင်ခဲ့တဲ့ အပင်လေးကို သူကိုယ်တိုင် မျှော်လင့်တကြီးနဲ့ ပွင့်လာမယ့်အချိန်ကို ရင်ခုန်စောင့်စားနေခဲ့ရှာတယ်ထင်ပ့ါ။ ဒါသည်ပင် ချစ်စုမလေးရဲ့ ဥယျာဉ်မှူးစိတ်ပေပဲ မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်စုမလေးကတော့ သူ မျှော်လင့်ခဲ့တဲ့ ပန်းကလေးပွင့်လို့ ပျော်ရပြီ။ ကျွန်တော်ကတော့ ချစ်စုမဆိုတဲ့ ပန်းကလေးရဲ့ ပွင့်လန်းချိန်ကို မျှော်လင့်ရင်း ဘယ်အချိန်မှ ပျော်ရလေမည် မသိသေး။

"ကလေးအများစုကတော့ အသက်အရွယ်နဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှု တူညီကြတယ်။ ဒါက ပုံမှန်ကလေးတွေရဲ့ ဖွံ့ဖြိုးမှုလက္ခဏာပေါ့။ ဇာတာသက်နဲ့ စိတ်သက်ညီမျှတယ်လို့ခေါ်တယ်။ ထူးခြားတဲ့ကလေး နှစ်မျိုးရှိသေးတယ်။ အသက်အရွယ်နဲ့စာရင် ရှိသင့်တဲ့ဉာဏ်ရည်ထက် ပိုပြီးဖွံ့ဖြိုးတဲ့ ကလေးမျိုးနဲ့ နောက်တစ်မျိုးကတော့ အသက်ကသာ ကြီးလာပေမယ့် ဉာဏ်ရည်ဖွံ့ဖြိုးမှု နှေးကွေးတဲ့ ကလေးမျိုးပေ့ါ။ တွေ့ဖူးကြတယ် မဟုတ်လား၊ အသက်က ဆယ်နှစ်ကျော်ပေမယ့် ဉာဏ်ရည်ဖွံ့ဖြိုးမှုက ငါးနှစ်သားကလေးရဲ့ ဉာဏ်ရည်လောက်ပဲ ရှိတဲ့ကလေးတွေကို"

ပညာရေးကောလိပ်တက်စဉ်က ပညာရေးစိတ်ပညာ ဆရာကြီး ပြောခဲ့တဲ့ စကားတွေကို ကျွန်တော် ပြန်အောက်မေ့မိတယ်။ ချစ်စုမရဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုကတော့ ဇာတာသက်နဲ့စိတ်သက် မမျှတဲ့ ကလေးအမျိုးအစားထဲမှာ မပါဘူး။ ဉာဏပိုင်းကတော့ ပုံမှန်ဖွံ့ဖြိုးမှုရှိတဲ့ ကလေးမျိုးပါပဲ။ သို့ပေသိ ကိုယ်ကာယပိုင်းမှာ ချို့တဲ့ရှာလေတော့ သင်ယူမှုပြုဖို့ နှောင့်နှေးနေရရှာတယ်။

"ကျောင်းနေစ အရွယ်ကလေးတွေက ခဲတံကိုင်စမှာ ခဲတံမြဲဖို့မလွယ်ဘူး။ ဒါက လက်ချောင်းလေးတွေရဲ့ ကြွက်သားတွေဟာ လုံလောက်တဲ့သန်စွမ်းမှု မရှိသေးလို့ပဲ။ ဒီတော့ သူတို့ လက်ချောင်းကြွက်သားလေးတွေ သန်မာလာအောင် လေးလံတဲ့ အရာတွေကို မ ခိုင်းတာမျိုး၊ ရွှံ့အစိုတွေကို ဆုပ်ချည်နယ်ချည် ပြုလုပ်တာမျိုးတွေ ခိုင်းပြီး လက်ချောင်းအကွေးအဆန့်ကို လေ့ကျင့်ပေးရတယ်။ စာအုပ်ထဲမှာ စာမရေးခင် လေထဲမှာ ရေးသားနည်း၊ သဲပေါ်မှာ ရေးသားနည်းတွေကိုပါ အရင်လေ့ကျင့်ရတယ်"

ဆရာကြီးရဲ့ စကားတွေက ကျွန်တော့်ရင်ထဲ ယနေ့ထိတိုင် စွဲမြဲနေဆဲပါ။ လက်တွေ့ ကျင့်သုံးကြည့်ပေမယ့် အကျိုးသက်ရောက်မှုကိုတော့ ထူးထူးခြားခြား မတွေ့ရသေးဘူး။ ပုံမှန်သန်စွမ်းတဲ့ ကလေးတွေအနေနဲ့ အကျိုးသက်ရောက်မှု မြန်ပေမယ့်၊ ချစ်စုမလို ကလေးမျိုးကျတော့ လိုတာထက်ပိုပြီး ကြန့်ကြာတယ်ထင်ပါရဲ့လေ။ ချစ်စုမလေးကတော့ သူ့ပန်းပင်လေးတွေ ပွင့်ကြောင်း ဝမ်းသာအားရ လာပြောပြီး ပန်းပင်တွေဆီ ပြန်ပြေးသွားပြီ။ တအောင့်ကြာတော့မှ ချစ်စုမ အတန်းထဲ ဝင်ပြေးသွားတယ်။

mgyoe.com